# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

**မိမိအဖို့ အကျိုးများနိုင်**

သူတစ်ပါး၏ အပြစ်အနာအဆာကို မကြည့်ပါနှင့်။ မိမိအဖို့ အရေးကြီးသည်ကား မိမိကောင်းမှုကိုလည်းကောင်း၊ မကောင်းမှုကို လည်းကောင်း လုပ်သည်၊ မလုပ်သည်ကိုသာ ကြည့်ရာ၏။ သူတစ်ပါးအပြစ်ကို ကြည့်ခြင်းထက် မိမိအပြစ်ကို ကြည့်ခြင်းကသာလျှင် မိမိအဖို့ အကျိုးများနိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၀)

၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၄ ရက် | ၂၀၂၅ ခုနှစ်၊ ဩဂုတ် ၁၂ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၄)၊ အမှတ်(၃၁၂)

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ ဦးမြင့်ဆွေ၏ နိုင်ငံတော်ဈာပနအခမ်းအနားကျင်းပ

**နေပြည်တော် ဩဂုတ် ၁၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတဦးမြင့်ဆွေ ၏ နိုင်ငံတော်ဈာပနအခမ်းအနားအား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် တပ်မတော်ဆေးရုံကြီးရှိငြိမ်းအေးဇရပ်နှင့် တပ်မတော်စစ်သင်္ချိုင်း (နေပြည်တော်) တို့၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နှင့်ဇနီး ဒေါ်ကြူကြူလှ တို့ တက်ရောက်သည်။

အဆိုပါ နိုင်ငံတော်ဈာပနအခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ်မဟာနာယကဓမ္မသမိဒ္ဓိကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသ အမှူးပြုသည့် ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နှင့်ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်သမ္မတ(ငြိမ်း) ဦးသိန်းစိန်၊ ဒုတိယသမ္မတ (ငြိမ်း)များဖြစ်ကြသည့် သီဟသူရ တင်အောင်မြင့်ဦးနှင့် ဦးဉာဏ်ထွန်း၊ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ အငြိမ်းစားအဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အမျိုးသားစီမံကိန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညိုစောနှင့်ဇနီး၊ ကော်မရှင်အဖွဲ့ဝင်များနှင့် ဇနီးများ၊ ကော်မရှင်အတွင်းရေးမှူးနှင့်ဇနီး၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊

*စာမျက်နှာ ၃ ကော်လံ ၁* ❑



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ငြိမ်းအေးဇရပ်အတွင်းရှိ ယာယီသမ္မတ ဦးမြင့်ဆွေ၏ ကြွင်းကျန်ရစ်သောရုပ်ကလာပ်အား ကြည့်ရှုဂါရဝပြုစဉ်။

## ယနေ့ *ဖတ် စ ရာ*

**နိုင်ငံတော်အထိမ်းအမှတ်တံဆိပ် ဥပဒေကို ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း**
ဥပဒေ | စာ ၇

**အားကစားအောင်မြင်မှုဆီသို့ အားကစားအာဟာရဖြင့် မြှင့်တင်ကြပါစို့**
ဆောင်းပါး | စာ ၁၀



**ကမ္ဘောဒီးယားနိုင်ငံက ဇန်နဝါရီလမှ ဇူလိုင်လအတွင်း ထုတ်ကုန်ပစ္စည်း အမေရိကန်ဒေါ်လာ ၁၇ ဒသမ ၇၂ ဘီလီယံ တင်ပို့နိုင်**
နိုင်ငံတကာသတင်း | စာ ၁၄

# ရေကြီးရေလျှံ၊ မြေပြိုအန္တရာယ်များ ကြိုတင်သတိပြု ပြင်ဆင်ရှောင်ရှား

ဩဂုတ် ၁၁ ရက်မှ ၁၆ ရက်အတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးမည့်အကြောင်း မိုး/ဇလက ခန့်မှန်းထုတ်ပြန်ထားသည်။ မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များမှာ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းတို့ဖြစ်ရာ ဒေသများအလိုက် ကြိုတင်သတိပြုရှောင်ရှားနိုင်ကြရန်လည်း သတိပေးနှိုးဆော်ထားသည်။

ပြီးခဲ့သည့် ဇူလိုင်လနောက်ဆုံးရက်သတ္တပတ်အတွင်း မိုးဆက်တိုက်ရွာသွန်းမှုများကြောင့် တာချီလိတ်၊ ကလော၊ ပင်းတယ၊ တောင်ငူ စသည့်ဒေသများတွင် ရေကြီးရေလျှံမှုများဖြစ်ပွားပြီး လူသေဆုံးမှုများရှိသည်ဟုလည်း သတင်းများအရ သိရသည်။ ကမ္ဘာတစ်ဝန်း ရာသီဥတုဖောက်ပြန်မှုကြောင့်ဖြစ်ပေါ်သည့် သဘာဝဘေးအန္တရာယ် သတင်းများစွာတို့ကိုလည်း နိုင်ငံတကာသတင်းစာမျက်နှာများတွင် နေ့စဉ်ဆိုသလို တွေ့မြင်နေရသည်။ သို့ဖြစ်ရာ လူတိုင်း မိမိနေထိုင်ရာ နေရာဒေသများ၏ သဘာဝပထဝီအနေအထားကိုလိုက်၍ ဖြစ်ပေါ်လာနိုင်သော သဘာဝဘေးအန္တရာယ်များကို မိုးလေဝသအခြေအနေပေါ်မူတည်၍ ကြိုတင်ရှောင်ရှားတတ်ကြစေရန်လည်း လိုအပ်လာသည်။ အထူးသဖြင့် ကမ္ဘာကြီးပူနွေးလာမှုကြောင့် ဖြစ်ပေါ်လာသည့် ရာသီဥတုပြောင်းလဲမှုများက ရေကြီးရေလျှံခြင်းဖြစ်စဉ်များကို တစ်နှစ်ထက်တစ်နှစ် အကြိမ်ရေပိုမိုများပြားလာခြင်း၊ ပို၍ပြင်းထန်လာခြင်းတို့ ဖြစ်စေနိုင်ကြောင်း ကမ္ဘာ့ရာသီဥတုဆိုင်ရာ သိပ္ပံပညာရှင်များက ပြောကြားထားသည်။

ရေကြီးရေလျှံခြင်းတွင် မိုးများ၍ မြစ်ချောင်းများ ရေကြီးရေလျှံခြင်း (Surface Water Floods)၊ ရုတ်တရက်တောင်ကျချောင်းရေကျဆင်းခြင်းကြောင့် ရေကြီးရေလျှံခြင်း(Flash Floods)၊ ကမ်းရိုးတန်းဒေသများတွင် ပင်လယ်ဒီရေမြင့်တက်ခြင်း၊ မုန်တိုင်းဒီရေတက်ခြင်း (Coastal Flood/ Storm Surge) ဟူ၍ ဖြစ်စဉ်များကွဲပြားခြားနားသည်။ မြစ်ဖျားပိုင်းဒေသများ၊ မြစ်ညာမြစ်ဝှမ်းဒေသများတွင် မိုးအဆမတန်ရွာသွန်းခြင်း၊ ရက်များစွာ ဆက်တိုက်ရွာသွန်းခြင်းတို့က မြစ်ရေမျက်နှာပြင်ကို မြင့်တက်လာစေပြီး မြစ်ကမ်းပါးများကို ကျော်လွန်ကာ မြစ်ကမ်းအနီးဒေသများနှင့် အနိမ့်ပိုင်းဒေသများကို ရေလွှမ်းမိုးမှုဖြစ်ပေါ်စေသည်။ မြစ်ကမ်းပါးတစ်လျှောက် တာတမံများ ဆောက်လုပ်ခြင်း၊ အနိမ့်ပိုင်းများတွင် မြေဖို့၍ ပြုပြင်ခြင်း၊ ရေပြန်လည်ကျဆင်းချိန်တွင် ရေများ တင်မကျန်စေရေးအတွက် ရေစီးရေလာများ ဆောင်ရွက်ထားခြင်း၊ ရာသီဥတုအခြေအနေနှင့် မိုးလေဝသသတင်းများကို မပြတ်စောင့်ကြည့်၍ သတိပေးချက်များ ပေါ်ထွက်လာပါက ကြိုတင်ရှောင်ရှားခြင်းနည်းလမ်းများဖြင့် အန္တရာယ်မှ ရှောင်ရှားကြရမည်ဖြစ်သည်။

ရုတ်တရက်ရေကြီးခြင်း (Flash Floods) မှာ တောင်တန်း၊ မြေမြင့်ဒေသများနှင့် ဆက်စပ်နေသည့် မြစ်ဖျား၊ ချောင်းဖျားတွင် မိုးကြီးရာမှ တောင်ကျရေများ အရှိန်အဟုန်ဖြင့် အချိန်တိုအတွင်း စီးဆင်းလာပြီး ရေစီးကြောင်းတစ်လျှောက် တိုက်စားဖျက်ဆီးသွားခြင်းဖြစ်သည်။ တစ်ခါတစ်ရံနှစ်ပေါင်းများစွာကြာအောင် ရေစီးဆင်းခြင်းမရှိခဲ့သည့် ချောင်းကော၊ ချောင်းဟောင်းများတွင် တောင်ကျရေကြောင့် ရေကြီးသည့်ဖြစ်စဉ်များ ဖြစ်ပေါ်ခဲ့သည်ကိုလည်း တွေ့ရသည်။ အချိန်တိုအတွင်း ရုတ်တရက်ရေကြီးခြင်းမှာ ရှောင်ရှားရန်ပင် အချိန်မမီနိုင်သည့် အခြေအနေများစွာဖြစ်ပေါ်စေသည်။

မိုးအများအပြားရွာသွန်းသည့်ကာလတွင် တောင်ကုန်း၊ တောင်တန်း၊ ကုန်းမြေမြင့်၊ တောင်စောင်းနှင့် ဆင်ခြေလျှောဒေသများတွင် တောင်ပြိုမြေပြိုသည့်အန္တရာယ်ကို သတိပြုရန်လိုသည်။ တောင်စောင်းများ၊ ဆင်ခြေလျှောများတွင် ကျောက်တုံးများပြိုခြင်း၊ မြေလွှာများ အိကျခြင်းတို့သည် မကြာမီမြေပြိုမှုဖြစ်ပွားတော့မည့် ရှေ့ပြေးလက္ခဏာများဖြစ်ရာ အမြန်ဆုံးရှောင်တိမ်းကြရမည်ဖြစ်သည်။

နိဂုံးချုပ်အားဖြင့်ဆိုရလျှင် အချိန်နှင့်အမျှ ပြောင်းလဲဖြစ်ပေါ်နေသည့် မိုးလေဝသဖြစ်စဉ်များကို မိုး/ဇလက အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ခြင်း၊ သတိပေးခြင်း၊ နှိုးဆော်ခြင်းများ ပြုလုပ်ပေးနေခြင်းဖြစ်သည့်အလျောက် မျက်ခြည်မပြတ်ဂရုပြုစောင့်ကြည့်ကာ ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များမှ ကြိုတင်ပြင်ဆင်ရှောင်ရှားကြရပါမည့်အကြောင်း။ ။




## ၂၀၂၅ ခုနှစ်၊ မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ ရည်ရွယ်ချက် (၄) ရပ်

၁။ လူကုန်ကူးမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်၍ နိုင်ငံသားအားလုံး ပူးပေါင်းဆောင်ရွက်ရန်။
၂။ လူကုန်ကူးမှုဆိုင်ရာ အသိပညာများ ပြည်သူလူထုအတွင်း စိမ့်ဝင်ပျံ့နှံ့စေရန်။
၃။ လူကုန်ကူးခံရသူများအား စာနာနားလည်ခြင်းဖြင့် ကာကွယ်စောင့်ရှောက်နိုင်ရန်။
၄။ လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များအားလုံးတွင် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန်။

## ၁၁ - ၈ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ (၅၉၀၀၀၀၀) ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## မုတ်သုံလေ အားအသင့်အတင့်ရှိနေ

နေပြည်တော် ဩဂုတ် ၁၁

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

မိုး/ဇလ

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး / ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၂ - ၈ - ၂၀၂၅

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၉၄၀ | ၃၀၅၅ | ၃၀၂၀ | ၂၉၅၅ | ၃၀၆၀ | ၃၀၇၅ | ၃၀၉၅ | ၃၀၁၀ | ၄၅၀၅ | ၃၃၀၅ | ၃၀၃၀ | ၃၀၃၀ | ၃၁၀၀ | ၃၀၆၅ | ၃၀၈၅ | ၃၃၄၅ |
| 95 Ron | ၂၉၉၅ | ၃၁၁၀ | ၃၀၇၅ | ၃၀၁၀ | ၃၁၁၅ | ၃၁၃၀ | ၃၁၅၀ | ၃၀၆၅ | ၄၅၆၀ | ၃၃၆၀ | ၃၀၈၅ | ၃၀၈၅ | ၃၁၅၅ | ၃၁၂၀ | ၃၁၄၀ | ၃၄၀၀ |
| HSD (500 ppm) | ၂၇၁၅ | ၂၈၂၅ | ၂၇၉၅ | ၂၇၃၀ | ၂၈၃၅ | ၂၈၅၀ | ၂၈၆၅ | ၂၇၈၅ | - | ၃၀၈၀ | ၂၈၀၀ | ၂၈၀၅ | ၂၈၇၅ | ၂၈၄၀ | ၂၈၆၀ | ၃၁၁၅ |
| HSD (50 ppm) | ၃၃၁၅ | ၃၄၆၅ | ၃၄၃၅ | ၃၃၇၀ | ၃၄၇၅ | ၃၄၉၀ | ၃၅၀၅ | ၃၄၂၅ | ၄၈၃၀ | ၃၇၂၀ | ၃၄၄၀ | ၃၄၄၅ | ၃၅၁၅ | ၃၄၈၀ | ၃၅၀၀ | ၃၇၅၅ |
| HSD (10 ppm) | ၃၃၁၅ | ၃၄၆၅ | ၃၄၃၅ | ၃၃၇၀ | ၃၄၇၅ | ၃၄၉၀ | ၃၅၀၅ | ၃၄၂၅ | - | ၃၇၂၀ | ၃၄၄၀ | ၃၄၄၅ | ၃၅၁၅ | ၃၄၈၀ | ၃၅၀၀ | ၃၇၅၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၇၇၃ | ၂၈၆၂ |
| 95 Ron | ၂၈၂၇ | ၂၉၁၇ |
| HSD (500 ppm) | ၂၅၅၃ | ၂၆၃၄ |
| HSD (50 ppm) | ၃၁၇၃ | ၃၂၆၆ |
| HSD (10 ppm) | ၃၁၇၃ | ၃၂၆၆ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။
(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

မြန်မာ့အလင်း

စာတည်းမှူးချုပ် - ဟန်လင်းအောင်
စာတည်းမှူး - မြင့်စိုး
စာတည်းများ - ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - ဇော်မင်းသန်းနှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - မို့မို့အေးနှင့် နွဲ့မွန်တို့အဖွဲ့
သတင်းထောက်မှူး - ခင်ရတနာ
အကြီးတန်း သတင်းထောက်များ - ကျော်သူဝင်း၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်း သတင်းထောက်များ - ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

MYANMAR Digital News
Presented by NPE
www.mdn.gov.mm




ယာယီသမ္မတ ဦးမြင့်ဆွေ၏ဇနီး ဒေါ်ခင်သက်ငွေနှင့်မိသားစုများ၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှနှင့် တက်ရောက်လာကြသူများက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မစိုးရိမ်တိုက်သစ်ဆရာတော်ထံမှ သံဝေဂကထာတရားနာကြားကြစဉ်။

❑ *ရှေ့ဖုံးမှ*

အငြိမ်းစားပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ယာယီသမ္မတ ဦးမြင့်ဆွေ၏ ဇနီး ဒေါ်ခင်သက်ငွေနှင့် မိသားစုဝင်များ၊ ဆွေမျိုးသားချင်းများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် ဝတ်အသင်းအဖွဲ့များ တက်ရောက်ကြသည်။

## ကြည့်ရှုဂါရဝပြု

ဦးစွာ ယာယီသမ္မတ ဦးမြင့်ဆွေ၏ ကွင်းကျန်ရစ်သည့် ရုပ်ကလာပ်အား စစ်ရေးပြအခမ်းအနားဖြင့် ရုပ်ကလာပ်တင်ဆောင်မည့်နေရာသို့ သယ်ဆောင်ကြပြီး နိုင်ငံတော်သမ္မတ(ငြိမ်း) ဦးသိန်းစိန်၊ ဒုတိယသမ္မတ(ငြိမ်း)များဖြစ်ကြသည့် သီဟသူရ တင်အောင်မြင့်ဦးနှင့် ဦးညဏ်ထွန်း၊ အငြိမ်းစားအဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်ဇနီး၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ကော်မရှင်အဖွဲ့ဝင်များနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများနှင့် ယာယီသမ္မတ ဦးမြင့်ဆွေ၏ မိသားစုဝင်များက ကြည့်ရှုဂါရဝပြုကြသည်။

*စာမျက်နှာ ၄ သို့*



နိုင်ငံတော်သမ္မတ(ငြိမ်း) ဦးသိန်းစိန်နှင့်အဖွဲ့ဝင်များ ငြိမ်းအေးဇရပ်အတွင်းရှိ ယာယီသမ္မတ ဦးမြင့်ဆွေ၏ ကွင်းကျန်ရစ်သောရုပ်ကလာပ်အား ကြည့်ရှုဂါရဝပြုစဉ်။






ယာယီသမ္မတ ဦးမြင့်ဆွေ၏ဇနီး ဒေါ်ခင်သက်ငွေနှင့်မိသားစုများနှင့် ဈာပနအခမ်းအနား တက်ရောက်လာကြသူများက ငြိမ်းအေးဇရပ်အတွင်းရှိ ယာယီသမ္မတ ဦးမြင့်ဆွေ၏ ကွင်းကျန်ရစ်သောရုပ်ကလာပ်အား ကြည့်ရှုဂါရဝပြုစဉ်။





နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှနှင့်အဖွဲ့ဝင်များ ယာယီသမ္မတ ဦးမြင့်ဆွေ၏ ကြွင်းကျန်ရစ်သည့် ရုပ်ကလာပ်အား တင်ဆောင်လာသည့် အမြောက်တင်ယာဉ်နှင့် နိုင်ငံတော်စျာပနယာဉ်တန်းအား ဝမ်းနည်းခြင်းအထိမ်းအမှတ်ဖြင့် ဂါရဝပြုနှုတ်ဆက်စဉ်။

*စာမျက်နှာ ၃ မှ*

**ငြိမ်းအေးဇရပ်သို့ရောက်ရှိ**

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့သည် နိုင်ငံတော်စျာပန အခမ်းအနားကျင်းပမည့် ငြိမ်းအေးဇရပ်သို့ ရောက်ရှိကြပြီး ငြိမ်းအေးဇရပ်အတွင်းရှိ ကလာပ်တွင် ပြင်ဆင်ထားရှိသည့် ယာယီသမ္မတ ဦးမြင့်ဆွေ၏ ကြွင်းကျန်ရစ်သောရုပ်ကလာပ်အား ကြည့်ရှုဂါရဝပြုကြသည်။

**ရင်းရင်းနှီးနှီး အားပေးစကားပြောကြား**

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့သည် ယာယီသမ္မတ ဦးမြင့်ဆွေ၏ ဇနီး ဒေါ်ခင်သက်ဌေးနှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီး အားပေးစကားပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ နိုင်ငံတော်စျာပနအခမ်းအနားသို့ တက်ရောက်လာကြသူများသည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မစိုးရိမ်တိုက်သစ်ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော် အရှင်သူမြတ်များ ရွတ်ဆိုပွားများ ချီးမြှင့်တော်မူကြသည့် “သဗ္ဗေ သင်္ခါရာ အနိစ္စာတိ” အစချီသည့် သံဝေဂသုံးဂါထာကို နာယူကြသည်။

**လှူဖွယ်ပစ္စည်းများဆက်ကပ်**

ယင်းနောက် ယာယီသမ္မတ ဦးမြင့်ဆွေ၏ဇနီး ဒေါ်ခင်သက်ဌေးနှင့် မိသားစုများသည် ကြွရောက်တော်မူကြသည့် သံဃာတော် အရှင်သူမြတ်များအား သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။



ယာယီသမ္မတ ဦးမြင့်ဆွေ၏ ကြွင်းကျန်ရစ်သည့် ရုပ်ကလာပ်အား တပ်မတော်စစ်သင်္ချိုင်း(နေပြည်တော်)သို့ ပို့ဆောင်ရန်အတွက် ပြည်ထောင်စုဝန်ကြီး ၈ ဦးက အမြောက်ယာဉ်ပေါ်သို့ သယ်ယူပို့ဆောင်စဉ်။

**ရေစက်သွန်းချအမျှပေး**

ထို့နောက် ယာယီသမ္မတ ဦးမြင့်ဆွေ၏ဇနီး ဒေါ်ခင်သက်ဌေးနှင့်မိသားစုများ၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးနှင့် တက်ရောက်လာကြသူများသည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မစိုးရိမ်တိုက်သစ်ဆရာတော်ထံမှ သံဝေဂ ကထာတရားနာကြား၍ ရေစက်သွန်းချ အမျှပေးဝေကြသည်။

ဆက်လက်၍ ယာယီသမ္မတ ဦးမြင့်ဆွေ၏ဇနီး ဒေါ်ခင်သက်ဌေးနှင့်မိသားစုများက ယာယီသမ္မတ ဦးမြင့်ဆွေ၏ ကြွင်းကျန်ရစ်သောရုပ်ကလာပ်အား ထပ်မံကြည့်ရှုဂါရဝပြုကြသည်။

**အမြောက်ယာဉ်ပေါ်သို့ သယ်ယူပို့ဆောင်**

ယင်းနောက် ယာယီသမ္မတ ဦးမြင့်ဆွေ၏ ကြွင်းကျန်ရစ်သည့် ရုပ်ကလာပ်အား တပ်မတော်စစ်သင်္ချိုင်း(နေပြည်တော်)သို့ ပို့ဆောင်ရန်အတွက် ပြည်ထောင်စုဝန်ကြီး ၈ ဦးက အမြောက်ယာဉ်ပေါ်သို့ သယ်ယူပို့ဆောင်ရာ တပ်မတော်ဂုဏ်ပြုသေနတ်အဖွဲ့က နေရာယူ၍ သေနတ်မြှောက်၍ အလေးပြုခြင်း၊ သက်ပျောက်ရွှေရေအိုးခွဲခြင်းတို့ကို ဆောင်ရွက်ကြသည်။

**လိုက်ပါပို့ဆောင်**

ထို့နောက် ယာယီသမ္မတ ဦးမြင့်ဆွေ၏ ရုပ်ကလာပ်တင်ဆောင်ထားသည့် အမြောက်ယာဉ်နှင့် နိုင်ငံတော်စျာပနယာဉ်တန်းသည် နေပြည်တော်တပ်မတော်ဆေးရုံကြီးရှိ ငြိမ်းအေးဇရပ်မှ တပ်မတော်စစ်သင်္ချိုင်း (နေပြည်တော်)သို့ ထွက်ခွာရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ *စာမျက်နှာ ၅ သို့*



ယာယီသမ္မတ ဦးမြင့်ဆွေ၏ ရုပ်ကလာပ်ကို တင်ဆောင်ထားသည့် အမြောက်တင်ယာဉ်နှင့် နိုင်ငံတော်စျာပနယာဉ်တန်း မောင်းနှင်လာရာလမ်းတစ်လျှောက်၌ တပ်မတော်(ကြည်း၊ ရေ၊ လေ) မှ တပ်မတော်သားများနှင့် မိသားစုဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူလူထုများက ဝမ်းနည်းခြင်းအထိမ်းအမှတ်ဖြင့် ဂါရဝပြု ဦးညွှတ်နှုတ်ဆက်စဉ်။

*စာမျက်နှာ ၄ မှ*
ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်ဇနီး၊ ကော်မရှင်အဖွဲ့ဝင်များနှင့်ဇနီးများ၊ ယာယီသမ္မတ ဦးမြင့်ဆွေ၏ ဇနီး ဒေါ်ခင်သက်ဌေးနှင့် မိသားစုဝင်များ၊ ဆွေမျိုးသားချင်းများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် ဝတ်အသင်းအဖွဲ့များက လိုက်ပါပို့ဆောင်ကြသည်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ အမိန့်ပြန်တမ်းအား ဖတ်ကြားစဉ်။



## ဂါရဝပြုဦးညွှတ်နှုတ်ဆက်

ယာယီသမ္မတ ဦးမြင့်ဆွေ၏ ရုပ်ကလာပ်ကို တင်ဆောင်ထားသည့် အမြောက်တင်ယာဉ်နှင့် နိုင်ငံတော်စျာပနယာဉ်တန်းသည် နေပြည်တော် တပ်မတော်ဆေးရုံကြီးရှိ ငြိမ်းအေးဇရပ်မှ ပုဗ္ဗသီရိမြို့ပတ်လမ်းအတိုင်း တပ်မတော်စစ်သင်္ချိုင်း(နေပြည်တော်) သို့မောင်းနှင်လာရာ လမ်းတစ်လျှောက်၌ တပ်မတော်(ကြည်း၊ ရေ၊ လေ) မှ တပ်မတော်သားများနှင့် မိသားစုဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူလူထုများက ဝမ်းနည်းခြင်းအထိမ်းအမှတ်ဖြင့် ဂါရဝပြုဦးညွှတ်နှုတ်ဆက်ကြသည်။

## ဧည့်သည်တော်များကပို့ဆောင်

ဆက်လက်၍ နိုင်ငံတော်စျာပနယာဉ်တန်းသည် တပ်မတော်စစ်သင်္ချိုင်း (နေပြည်တော်)သို့ရောက်ရှိပြီး ယာယီသမ္မတ ဦးမြင့်ဆွေ၏ ကွယ်လွန်ကျန်ရစ်သည့် ရုပ်ကလာပ်အား ဂုဏ်ပြုအခမ်းအနားကျင်းပမည့်နေရာသို့ ဂုဏ်ပြုစစ်ရေးပြဖြင့် ပို့ဆောင်ကြရာ ယာယီသမ္မတ ဦးမြင့်ဆွေ၏ ဇနီးနှင့်မိသားစုဝင်များ၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်ဇနီး၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့်ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ အသင်းအဖွဲ့အသီးသီးမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များက ပို့ဆောင်ကြသည်။

ယင်းနောက် ယာယီသမ္မတ ဦးမြင့်ဆွေ၏ ရုပ်ကလာပ်အား ပြည်ထောင်စုဝန်ကြီး ၈ ဦးက ရုပ်ကလာပ်တင်စင်ပေါ်သို့ ပို့ဆောင်တင်ဆောင်ကြသည်။

## သေနတ်မြှောက်အလေးပြု

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ၊ ကော်မရှင်ဒုတိယဥက္ကဋ္ဌနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများက နေရာယူကြပြီး တပ်မတော်ဂုဏ်ပြုသေနတ်ပစ်အဖွဲ့က ဂုဏ်ပြုစစ်ရေးပြအစီအစဉ်အတိုင်းဆောင်ရွက်ကာ သေနတ်မြေစိုက် ဦးခိုက်အလေးပြုကြပြီး သေနတ်မြှောက်အလေးပြုကြသည်။

ဆက်လက်၍ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ အမိန့်ပြန်တမ်းအား ဖတ်ကြားပြီး အမိန့်ပြန်တမ်းအား ယာယီသမ္မတ ဦးမြင့်ဆွေ၏ ကွယ်လွန်ကျန်ရစ်သည့် ရုပ်ကလာပ်ထည့်သွင်းထားသော အခေါင်းအတွင်းသို့ ထည့်သွင်းသည်။

ယင်းနောက် တပ်မတော်ဂုဏ်ပြုသေနတ်ပစ်အဖွဲ့က သေနတ် ၃ ချက်ပစ်ဖောက် ဂုဏ်ပြုကြပြီး နောက်ဆုံးအကြိမ်အဖြစ် သေနတ်မြှောက်အလေးပြုကာ စစ်ခရာမှုတ်၍ ဂုဏ်ပြုကြသည်။

ထို့နောက် အခမ်းအနားတက်ရောက်လာကြသည့် ကိုရီးယားဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ နီပေါနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ယူအေအီးနိုင်ငံ၊ သီရိလင်္ကာနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ လာအိုနိုင်ငံတို့မှ သံအမတ်ကြီးများ၊ အင်ဒိုနီးရှားနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံနှင့် ဘရူနိုင်းနိုင်ငံတို့မှ သံရုံးယာယီတာဝန်ခံများ၊ ဗီယက်နမ်နိုင်ငံ သံအမတ်ကြီးကိုယ်စား ပထမအတွင်းဝန်နှင့် မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားစစ်သံရုံးများမှ စစ်သံမှူး ၁၆ ဦးတို့က ယာယီသမ္မတ ဦးမြင့်ဆွေ၏ ရုပ်ကလာပ်အား တစ်ဦးချင်း ဂါရဝပြုကြသည်။

ဆက်လက်၍ ယာယီသမ္မတ ဦးမြင့်ဆွေ၏ဇနီးနှင့် မိသားစုဝင်များက နောက်ဆုံးအကြိမ်အဖြစ် ဂါရဝပြုကြပြီး ယာယီသမ္မတ ဦးမြင့်ဆွေ၏ ရုပ်ကလာပ်အား မီးသင်္ဂြိုဟ်စက်အတွင်းသို့ ထည့်သွင်းမီးသင်္ဂြိုဟ်၍ အရိုးပြာကို ထုတ်ယူသည်။

ယင်းနောက် ယာယီသမ္မတ ဦးမြင့်ဆွေ၏ အရိုးပြာထည့်သွင်းထားသော ကြွေအိုးအား ယာယီသမ္မတ ဦးမြင့်ဆွေ၏ သား ဗိုလ်ကြီး ကျော်ဘုန်းမြင့်(ငြိမ်း)က ဦးဆောင်ကာ မိသားစုဝင်များနှင့်အတူ ဂူသွင်းမည့်နေရာသို့ သယ်ဆောင်ကြသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင်၊ နိုင်ငံတော်ဝန်ကြီးချုပ်၊ အမျိုးသားစီမံကိန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညိုစောနှင့်ဇနီး၊ နိုင်ငံတော်စျာပနကျင်းပရေးဦးစီးကော်မတီအဖွဲ့ဝင်များနှင့်ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့်ဇနီးများနှင့် တက်ရောက်လာကြသူများက ယာယီသမ္မတ ဦးမြင့်ဆွေ၏ အရိုးပြာကြွေအိုးအား ဂူအတွင်းထည့်သွင်း၍ ဂူပိတ်မှုကို ကြည့်ရှုကြသည်။

ဆက်လက်၍ ယာယီသမ္မတ ဦးမြင့်ဆွေ၏ ဂူဗိမာန်အား ဇနီးဒေါ်ခင်သက်ဌေးနှင့် မိသားစုဝင်များက ဂါရဝပြုခဲ့ကြကြောင်း သတင်းရရှိသည်။**သတင်းစဉ်**



# ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ ဦးမြင့်ဆွေ၏ နိုင်ငံတော်ရှာပန အခမ်းအနားမြင်ကွင်း



ယာယီသမ္မတ ဦးမြင့်ဆွေ၏ ကြွင်းကျန်ရစ်သည့် ရုပ်ကလာပ်အား ယာယီသမ္မတ ဦးမြင့်ဆွေ၏ မိသားစုဝင်များက ရှိခိုးကန်တော့စဉ်။





ယာယီသမ္မတ ဦးမြင့်ဆွေ၏ ရုပ်ကလာပ်အား နိုင်ငံတကာမှ သံရုံးယာယီတာဝန်ခံများ၊ ပထမအတွင်းဝန်နှင့် မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားစစ်သံရုံးများမှ စစ်သံမှူးတို့က တစ်ဦးချင်း ဂါရဝပြုစဉ်။







ယာယီသမ္မတ ဦးမြင့်ဆွေ၏ ကြွင်းကျန်ရစ်သည့် ရုပ်ကလာပ်အား မီးသင်္ဂြိုဟ်စက်အတွင်းသို့ ထည့်သွင်းမီးသင်္ဂြိုဟ်စဉ်။



ယာယီသမ္မတ ဦးမြင့်ဆွေ၏ အရိုးပြာကြွေအိုးအား မိသားစုဝင်များက ဂူအတွင်းထည့်သွင်းစဉ်။

# နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ**
**နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်ဥပဒေကိုပြင်ဆင်သည့်ဥပဒေ**
( အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ
ဥပဒေအမှတ် ၂ / ၂၀၂၅ )
၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၃ ရက်
(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၁ ရက်)

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်ဥပဒေ ပုဒ်မ ၃ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၃။ နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်ပါ အမှတ်အသားများနှင့် ယင်းတို့၏ အဓိပ္ပာယ်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်၏ အလယ်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မြေပုံပါရှိသည်။ အရွက် ၁၄ ရွက်စီပါဝင်သော သပြေခက်များသည် မြေပုံ၏ တစ်ဖက်တစ်ချက်စီတွင်ပါရှိသည်။ နိုင်ငံတော်မြေပုံသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နယ်နိမိတ်ပုံသဏ္ဌာန်ကိုလည်းကောင်း၊ သပြေခက်များသည် အောင်အတိတ် အောင်နိမိတ်ဆောင်ခြင်းကိုလည်းကောင်း ကိုယ်စားပြုသည်။

(ခ) သပြေခက်များ၏ တစ်ဖက်တစ်ချက်တွင် အနုပညာမြောက် မြန်မာ့လက်ရာ ကေသရာဇာခြင်္သေ့တစ်စီးစီရှိသည်။ လက်ဝဲဘက်ရှိခြင်္သေ့သည် လက်ဝဲဘက်သို့လည်းကောင်း၊ လက်ယာဘက်ရှိခြင်္သေ့သည်လက်ယာဘက်သို့လည်းကောင်း မျက်နှာမူလျက်ရှိသည်။ ခြင်္သေ့နှစ်စီးသည် အချုပ်အခြာအာဏာပိုင်စိုးခြင်း၊ ရဲရင့်ခြင်း၊ လုံ့လဝီရိယရှိခြင်းနှင့် ဘေးအန္တရာယ်ဟူသမျှကို ကြီးသည် ငယ်သည်မဟူ တူညီသောအားထုတ်မှုဖြင့် နှိမ်နင်းခြင်းဟူသော အဓိပ္ပာယ်ကို ဖော်ညွှန်းသည်။ ခြင်္သေ့နှစ်စီးကို နိုင်ငံတော်မြေပုံ၏ တစ်ဖက်တစ်ချက်တွင် ရံထားခြင်းမှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခြင်းဟူသော အဓိပ္ပာယ်ကို ဖော်ညွှန်းသည်။

(ဂ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဟူသော စာတမ်းကို နိုင်ငံတော်အထိမ်းအမှတ်တံဆိပ် အောက်ခြေဖဲပြားပေါ်တွင် ဖော်ပြထားသည်။ ပြည်ထောင်စုဟူသောစာတမ်းကို လက်ဝဲဘက်ရှိ ခြင်္သေ့အောက်တွင်လည်းကောင်း၊ သမ္မတဟူသော စာတမ်းကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် မြေပုံအောက်ရှိ အလယ်ဗဟိုတွင်လည်းကောင်း၊ မြန်မာနိုင်ငံတော်ဟူသော စာတမ်းကို လက်ယာဘက်ရှိ ခြင်္သေ့အောက်တွင်လည်းကောင်း ထားရှိသည်။

(ဃ) နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်၏ ထိပ်တွင် ကြယ်လက်တံငါးခုရှိသော ကြယ်တစ်လုံးသည် အထက်သို့ မတ်မတ်ညွှန်းလျက်ရှိသည်။ ကြယ်သည် ကောင်းကင်၌ ကိုယ်ပိုင်ပကတိအလင်းရောင်ဖြင့် ထင်ရှားသကဲ့သို့ မြန်မာနိုင်ငံသည်လည်း အချုပ်အခြာအာဏာပိုင်လွတ်လပ်သည့် နိုင်ငံအဖြစ် ရပ်တည်သည်ဟူသောအဓိပ္ပာယ်ကို ဖော်ညွှန်းသည်။

( င ) ကြယ်၏ တစ်ဖက်တစ်ချက်တွင် မြန်မာ့ရိုးရာကနုတ်ပန်းများဖြင့် ပုံဖော်ထားသည့် မြန်မာပန်းပုံသဏ္ဌာန် ပန်းခက်ပြားများရှိသည်။ ပန်းခက်ပြားများသည် မြန်မာတို့၏ ယဉ်ကျေးမှုအမွေအနှစ် မြင့်မားခြင်းနှင့် ကိုယ်ပိုင်ယဉ်ကျေးမှုဖြင့် ရပ်တည်ခြင်းဟူသော အဓိပ္ပာယ်ကို ဖော်ညွှန်းသည်။

( စ ) နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်ကို အောက်ခံ အနီရောင်ပေါ်တွင် ရွှေဝါရောင်ဖြင့် ပုံဖော်ထားပြီး တံဆိပ်၏ ကောက်ကြောင်းမျဉ်းများကို အနက်ရောင်ဖြင့် ရေးဆွဲထားသည်။ အနီရောင်သည် ရဲရင့်ခြင်းနှင့် ပြတ်သားခြင်းဟူသော အဓိပ္ပာယ်ကိုလည်းကောင်း၊ ရွှေဝါရောင်သည် မြတ်နိုးတန်ဖိုးထားအပ်ခြင်းဟူသော အဓိပ္ပာယ်ကိုလည်းကောင်း ဖော်ညွှန်းသည်။

(ဆ) နိုင်ငံတော်တံဆိပ်နမူနာပုံစံမှာ နောက်ဆက်တွဲပါအတိုင်း ဖြစ်သည်။"

၃။ နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်ဥပဒေ ပုဒ်မ ၆ ပုဒ်မခွဲ (ခ)ပါ "ဖျက်ဆီးခြင်း သို့မဟုတ် ဖျက်ဆီးစေခြင်း" ဆိုသည့် စကားရပ်ကို "ပြောင်းလဲစေရန်ပြင်ဆင်၍ အသုံးပြုခြင်း၊ ဖျက်ဆီးခြင်း သို့မဟုတ် ဖျက်ဆီးစေခြင်း" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။


---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၂၇ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

**(ပုံ)မင်းအောင်လှိုင်**
**ဗိုလ်ချုပ်မှူးကြီး**
**ယာယီသမ္မတ(တာဝန်)**

**နောက်ဆက်တွဲ**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အထိမ်းအမှတ်တံဆိပ်**




၁။ နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်ပါ အမှတ်အသားများ၏ အချိုးအစားသတ်မှတ်ပုံမှာ-
အလျား = ၁.၂ x အနံ
အလျား : အနံ၊ ၃၀ : ၂၅

**အမှတ် ဖော်ပြချက်**
(က) ကြယ်၏ထိပ်
( ခ ) ကြယ်၏ဗဟို
( ဂ ) ကြယ်၏အောက်အတွင်းထောင့်
(ဃ) ကြယ်အောက်ရှိ ကနုတ်ပန်းထိပ်
( င ) မြန်မာနိုင်ငံမြေပုံ၏ မြောက်ဘက်အစွန်း
( စ ) မြန်မာနိုင်ငံမြေပုံ၏ အရှေ့ဘက်အစွန်း
(ဆ) မြန်မာနိုင်ငံမြေပုံ၏ အနောက်ဘက်အစွန်း
( ဇ ) မြန်မာနိုင်ငံမြေပုံ၏ တောင်ဘက်အစွန်း
( ဈ ) သပြေခက် အတွင်းအနား
(ည) သပြေခက် ထိပ်ဖျား
( ဋ ) သပြေခက် အပြင်နား
( ဌ ) သပြေခက်နှစ်ခက် အခြေချင်းဆုံသည့်နေရာ
( ဍ ) အောက်ခြေဖဲပြား အပေါ်အနား
( ဎ ) စာလုံးအပေါ်အနား
(ဏ) စာလုံးအောက်အနား
(တ) အောက်ခြေဖဲပြားအောက်အနား
(ထ) အောက်ခြေ၏ဗဟိုမှတ်
( ဒ ) အောက်ခြေဖဲပြားအပေါ်ထောင့်
( ဓ ) အောက်ခြေဖဲပြားအောက်ထောင့်
( န ) ခြင်္သေ့အောက်တွင်ရှိသော ဖဲပြားလက်ဝဲအပေါ်ထောင့်
( ပ ) ခြင်္သေ့အောက်တွင်ရှိသော ဖဲပြားလက်ယာအပေါ်ထောင့်
( ဖ ) ကြယ်၏နံဘေးရှိ ကနုတ်ပန်းထိပ်
( ဗ ) ကြယ်၏နံဘေးရှိ ကနုတ်ပန်းအလယ်ထိပ်
(ဘ) တံဆိပ်၏ဘေးအနားစွန်း ကနုတ်တက်အပေါ်ထိပ်
( မ ) တံဆိပ်၏ဘေးအနားစွန်း ကနုတ်ပန်းအောက်ဘက်ထိပ်
(ယ) ခြင်္သေ့ရင်အုံအရှေ့ရှိ ကနုတ်ပန်းအပေါ်ထိပ်
( ရ ) ခြင်္သေ့၏အမောက်တက်ထိပ်
(လ) ခြင်္သေ့၏နှာခေါင်းထိပ်
( ဝ ) ခြင်္သေ့၏ရင်အုံ

၂။ နိုင်ငံတော်အထိမ်းအမှတ်တံဆိပ် အမှတ်အသားများ၏ အရောင်နှင့် အလင်းစံသတ်မှတ်ချက်များမှာ-




| စဉ် | အမျိုးအစား | သတ်မှတ်ချက် |
|---|---|---|
| (က) | ရွှေဝါရောင်(အနု) | ပင်န်တုန်း ၃၉၄၅ စီ (PANTONE 3945C) |
| | | အပြာ စီ(C) = ၈ % |
| | | အနီ အမ်(M) = ၁ % |
| | | အဝါ ဝိုင်(Y) = ၁၀၀ % |
| | | အနက် ကေ(K) = ၀ % |
| (ခ) | ရွှေဝါရောင်(အရင့်) | ပင်န်တုန်း ၇၇၅၂ စီ(PANTONE 7752C) |
| | | အပြာ စီ(C) = ၁၁ % |
| | | အနီ အမ်(M) = ၂၄ % |
| | | အဝါ ဝိုင်(Y) = ၉၈ % |
| | | အနက် ကေ(K) = ၃ % |
| | | အရောင်ရင့်(Shade Colour) = ၀.၁၀ စင်တီမီတာ |
| | | အလင်းစံနှုန်း = ၇၅ % |
| (ဂ) | အနီရောင် | ပင်န်တုန်း ၄၈၅ စီ (PANTONE 485 C) |
| | | အပြာ စီ(C) = ၈ % |
| | | အနီ အမ်(M) = ၉၇ % |
| | | အဝါ ဝိုင်(Y) = ၁၀၀ % |
| | | အနက် ကေ(K) = ၁ % |

---



## ဟိုပုံးမြို့နယ် သမဝါယမအသင်းစုလီမိတက် အရပ်ရပ်ဆိုင်ရာစည်းဝေး

**တောင်ကြီး ဩဂုတ် ၁၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုံးမြို့နယ် သမဝါယမအသင်းစုလီမိတက်မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဟိုပုံးမြို့နယ် သမဝါယမဦးစီးဌာနရုံး၌ ပြုလုပ်ရာ ပြည်နယ်သမဝါယမဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးတင့်က အမှာစကားပြောကြားသည်။

ဆက်လက်၍ လုပ်ငန်းဆောင်ရွက်ချက် အစီရင်ခံစာဖတ်ကြားခြင်း၊ ဘဏ္ဍာရေးရှင်းတမ်းများ ဖတ်ကြားခြင်း၊ အသင်းစာရင်းစစ်အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း၊ ရှေ့လုပ်ငန်းစဉ်များ ချမှတ်ခြင်းနှင့် အတည်ပြုချက်များ ရယူဆောင်ရွက်ခြင်းတို့ကို ပြုလုပ်ခဲ့ကြသည်။

အဆိုပါ အစည်းအဝေးသို့ ပြည်နယ်သမဝါယမဦးစီးဌာန ဦးစီးမှူးနှင့် တာဝန်ရှိသူများ၊ ရှမ်းပြည်နယ်(တောင်ပိုင်း/အရှေ့ပိုင်း) သမဝါယမအသင်းစုချုပ်ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ ဟိုပုံးမြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ မြို့နယ်သမဝါယမအသင်းစုမှ ဥက္ကဋ္ဌနှင့်အမှုဆောင်များ၊ အသင်းဝင်ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ယာယီသမ္မတဦးမြင့်ဆွေ ကွယ်လွန်ခြင်းအတွက် ဝမ်းနည်းကြောင်းမှတ်တမ်းစာအုပ်တွင် ရန်ကုန်မြို့အခြေစိုက်သံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးအကြီးအကဲများက လက်မှတ်ရေးထိုး

နေပြည်တော် ဩဂုတ် ၁၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ယာယီသမ္မတ ဦးမြင့်ဆွေသည် ဩဂုတ် ၇ ရက်တွင် ကွယ်လွန်ခဲ့သည့်အတွက် ဝမ်းနည်းကြောင်းမှတ်တမ်းစာအုပ်ကို ရန်ကုန်မြို့ စကားဝါလမ်းရှိနိုင်ငံခြားရေးဝန်ကြီးဌာန၌ ဩဂုတ် ၈ ရက်မှစတင်၍ ဖွင့်လှစ်ထားရာ မြန်မာနိုင်ငံဆိုင်ရာသံအမတ်ကြီးများနှင့် သံရုံးအကြီးအကဲများက ဝမ်းနည်းကြောင်း လာရောက်လက်မှတ်ရေးထိုးခဲ့ကြသည်။

**လက်မှတ်ရေးထိုး**

ယနေ့တွင် မြန်မာနိုင်ငံဆိုင်ရာ သံရုံးအကြီးအကဲများဖြစ်သည့် ဗီယက်နမ်နိုင်ငံသံရုံးမှ ပထမအတွင်းဝန် Mr. Nguyen Cong Son ၊ အီဂျစ်နိုင်ငံသံရုံးမှ ဒုတိယအတွင်းဝန် Dr. Ahmed Abdallah Mahmoud Atiya Eltahlawy နှင့် တောင်အာဖရိကနိုင်ငံ ဂုဏ်ထူးဆောင် ကောင်စစ်ဝန် ဦးမြင့်ဌေးတို့က ဝမ်းနည်းကြောင်း မှတ်တမ်းစာအုပ်တွင် လာရောက်လက်မှတ်ရေးထိုးခဲ့ကြသည်။

**ကြိုဆိုနှုတ်ဆက်**

ဝမ်းနည်းကြောင်း မှတ်တမ်းစာအုပ်တွင် လာရောက်လက်မှတ်ရေးထိုးသော သံတမန်များနှင့် ဂုဏ်ထူးဆောင် ကောင်စစ်ဝန်တို့ကို နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။

**သတင်းစကားပြောကြား**

သံတမန်များနှင့် ဂုဏ်ထူးဆောင် ကောင်စစ်ဝန်တို့က ယာယီသမ္မတ ဦးမြင့်ဆွေ ကွယ်လွန်ခဲ့ခြင်းအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် ပြည်သူများ၊ ကျန်ရစ်သူမိသားစုသို့ ဝမ်းနည်းကြောင်းနှင့် စာနာထောက်ထားပါကြောင်း သတင်းစကားများ ပြောကြားခဲ့ပြီး ဝမ်းနည်းကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ယာယီသမ္မတ ဦးမြင့်ဆွေ ကွယ်လွန်ခြင်းအတွက် ဝမ်းနည်းကြောင်းမှတ်တမ်းစာအုပ်တွင် ဗီယက်နမ်နိုင်ငံသံရုံးမှ ပထမအတွင်းဝန် Mr. Nguyen Cong Son လက်မှတ်ရေးထိုးစဉ်။




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ယာယီသမ္မတ ဦးမြင့်ဆွေ ကွယ်လွန်ခြင်းအတွက် ဝမ်းနည်းကြောင်းမှတ်တမ်းစာအုပ်တွင် အီဂျစ်နိုင်ငံသံရုံးမှ ဒုတိယအတွင်းဝန် Dr. Ahmed Abdallah Mahmoud Atiya Eltahlawy လက်မှတ်ရေးထိုးစဉ်။




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ယာယီသမ္မတ ဦးမြင့်ဆွေ ကွယ်လွန်ခြင်းအတွက် ဝမ်းနည်းကြောင်းမှတ်တမ်းစာအုပ်တွင် တောင်အာဖရိကနိုင်ငံ ဂုဏ်ထူးဆောင်ကောင်စစ်ဝန် ဦးမြင့်ဌေး လက်မှတ်ရေးထိုးစဉ်။



# အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော သံအမတ်ကြီး ဦးဇော်ဦး အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ သမ္မတထံ ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဩဂုတ် ၁၁

အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးဇော်ဦးသည် ၎င်း၏ ခန့်အပ်လွှာကို ၂၀၂၅ ခုနှစ်၊ ဩဂုတ် ၁၀ ရက်တွင် တီဟီရန်မြို့ရှိ သမ္မတနန်းတော်၌ အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ မာဆော့ ပါဇက်ရှ်ကီရမ် ထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။

သတင်းစဉ်

# ၂၀၂၅ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၁၁

၂၀၂၅ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) ပိုက်ကျော်ခြင်းပြိုင်ပွဲဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် မိတ္ထီလာတပ်နယ်အားကစားခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ကိုထိုက်နှင့် တာဝန်ရှိသူများ၊ အရာရှိ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက်ကြသည်။

**ကြည့်ရှုအားပေး**

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား တိုင်းမှူးက အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့်တက်ရောက်လာကြသူများက အဖွင့်ပွဲစဉ်ဖြစ်သည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) ကိုယ်စားပြုအသင်းနှင့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းတို့၏ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။ **(အောက်ပုံ)**

အဆိုပါ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) ပိုက်ကျော်ခြင်းပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း ၁၇ သင်းဖြင့် ဩဂုတ် ၂၀ ရက်အထိ ကျင်းပပြုလုပ်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



# ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာရေးအဖွဲ့၏ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mr. Iori KATO အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၁၁**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာရေးအဖွဲ့ (International Organization for Migration–IOM) ၏ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mr. Iori KATO အား ယနေ့ ညနေပိုင်းက နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။(**ယာပုံ**)

တွေ့ဆုံစဉ် IOM အနေဖြင့် မြန်မာရွှေ့ပြောင်းအလုပ်သမားများနှင့်ပတ်သက်၍ အကူအညီများ ပေးအပ်လျက်ရှိသည့်အခြေအနေများ၊ မြန်မာနိုင်ငံ၌ လက်ရှိဆောင်ရွက်လျက်ရှိသော IOM ၏ လုပ်ငန်းများ၊ မြန်မာအစိုးရနှင့် IOM တို့အကြား ပူးပေါင်းဆောင်ရွက်ရေးကိစ္စများနှင့် ငလျင်ဘေးသင့်ပြည်သူများကို အရေးပေါ်အကူအညီပစ္စည်းများ ပေးအပ်ခဲ့သည့်အခြေအနေများအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာရေးအဖွဲ့(IOM) မှ မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ် Mr. Daihei Mochizukiနှင့် လုပ်သားများရွှေ့ပြောင်းခြင်းနှင့် ရွှေ့ပြောင်းသွားလာသူများအကာအကွယ်ပေးခြင်းဌာနမှ အစီအစဉ်မန်နေဂျာ Mr. Christos Dorian တို့ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**



# ထားဝယ်မြို့၌ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကျင်းပ

**ထားဝယ် ဩဂုတ် ၁၁**

စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်စေရန်၊ ကျောင်းသား ကျောင်းသူများ စာအုပ်စာပေလေ့လာဖတ်ရှုနိုင်ရန်၊ စာပေလေ့လာဖတ်ရှုခြင်းမှ ရရှိသော အသိပညာဗဟုသုတများကို ပြန်လည်အသုံးချမျှဝေပေးနိုင်ရန်ရည်ရွယ်၍ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီမံမှုဖြင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းကျင်းပသော စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို ယနေ့ နံနက်ပိုင်းက ထားဝယ်မြို့ အမှတ်(၄)အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။



ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ပွဲတော်ကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများက "တိုးတက်ဝေစီ တနင်္သာရီ" သီချင်း၊ "လှမ်းခဲ့ ထားဝယ်မြေ"သီချင်းနှင့် ဘင်ခရာအဖွဲ့၊ ပန်းဖွားအဖွဲ့များက ဖျော်ဖြေတင်ဆက်ကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးပြီး ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပွဲတော်အတွင်း ခင်းကျင်းပြသထားသည့် စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများ၊ စာစီစာကုံးပြိုင်ပွဲ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲနှင့် ပုံပြင်ပြောပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ မြန်မာသတ်ပုံအမှန်ရွေးပြိုင်ပွဲ၊ စကားပုံဆက်ပြိုင်ပွဲ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ၊ အရုပ်ဆက်ပြိုင်ပွဲ၊ ခါးကွင်းလှည့်ကစားနည်းများကို ကြည့်ရှုအားပေးပြီးတိုင်းဒေသကြီးဝန်ကြီးချုပ်က ပါဝင်ယှဉ်ပြိုင်သော ကျောင်းသား ကျောင်းသူများကို ကျောင်းသုံးလာစာအုပ်များပေးအပ်သည်။(**ဝဲပုံ**)

ယနေ့ကျင်းပသည့် စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ပွဲတော်သို့ ကျောင်းသား ကျောင်းသူစုစုပေါင်း ၁၅၀၀ ခန့် တက်ရောက်ကြပြီး ပြိုင်ပွဲဝင်များနှင့် ဆုရရှိသူများကို ဩဂုတ် ၁၂ ရက်တွင် ဆုများ ပေးအပ်ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ တနင်္သာရီတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ထားဝယ်ခရိုင်အတွင်းရှိ အကျိုးဆောင်တောင်သူများအား သဘာဝမြေဩဇာပေးအပ်ခြင်းနှင့် ထားဝယ်မြို့နယ် အမှတ်(၄) အခြေခံပညာနှင့် စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းရှိ မိုးစပါးစိုက်ခင်းတွင် သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာ အချိန်ကိုက်၊ အချိုးကျရောနှောကြဲပက်ခြင်းအခမ်းအနားကိုကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက် အမှာစကားပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက ထားဝယ်ခရိုင်အတွင်းရှိ တောင်သူများကို သဘာဝမြေဩဇာအိတ် ၁၀၀ ကိုပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှတ်(၄)အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းမှ သရုပ်ပြမွေးမြူထားရှိသည့် ဥစားကြက်၊ ဝက်၊ ဆိတ် မွေးမြူရေးခြံများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ငါးဆေးထိုးသားဖောက်သင်တန်းဖွင့်ပွဲ အခမ်းအနားတက်ရောက်



**စစ်တွေ ဩဂုတ် ၁၁**

ရခိုင်ပြည်နယ် အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှ ကျင်းပသည့် ငါးဆေးထိုးသားဖောက် သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက စစ်တွေမြို့ ခိုင်သဇင်ခန်းမ၌ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ သင်တန်းနည်းပြများ၊ စစ်တွေတက္ကသိုလ်နှင့် အခြေခံပညာ အထက်တန်းကျောင်းများမှ ဆရာ ဆရာမနှင့် ကျောင်းသား ကျောင်းသူများ၊ ငါးမွေးမြူထုတ်လုပ်သူ တောင်သူများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က ပြည်ပဈေးကွက်ရှိသော ငါးမြစ်ချင်းကို ရခိုင်ပြည်နယ်တွင် မွေးမြူထုတ်လုပ်နိုင်အောင်ရည်ရွယ်၍ ငါးမြစ်ချင်း ဆေးထိုး သားဖောက်ခြင်းကို စာတွေ့လက်တွေ့သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း ပြောကြားသည်။(**ဝဲပုံ**)

ထို့နောက် ငါးလုပ်ငန်းဦးစီးဌာန ပြည်နယ်ဦးစီးမှူးက ငါးဆေးထိုးသားဖောက်ဆိုင်ရာအချက်အလက်များကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ခန်းမအတွင်း သားဖောက်ရန်ဆေးထိုးနေမှုနှင့် ငါးများခင်းကျင်းပြသထားမှုကို ကြည့်ရှုခဲ့ကြသည်။ **တင်ထွန်း(ပြန်/ဆက်)**

## မြစ်ရေကြီးမှုအခြေအနေ

**နေပြည်တော် ဩဂုတ် ၁၁**

ယနေ့ နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ နှစ်လက်မခန့် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

ယနေ့ နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ နှစ်ပေခွဲခန့် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း နှစ်လက်မခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခွဲခန့် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း နှစ်လက်မခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ တောင်ငူမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် သတိပြုနေထိုင်ပါရန်နှင့် ဘားအံမြို့နယ်နှင့် မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

# အားကစားအောင်မြင်မှုဆီသို့ အားကစားအာဟာရဖြင့် မြှင့်တင်ကြပါစို့

ခိုင်မင်းပြည့်စုံ

(၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့၊ ချွန်ဘူရီမြို့နှင့် ဆွန်ဂလာမြို့များတွင် အားကစားနည်း ၅၃ နည်းခွဲ၍ ကျင်းပသွားမည်ဖြစ်ရာ မြန်မာနိုင်ငံအနေဖြင့် အားကစားနည်း ၄၀ တွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန်အတွက် လေ့ကျင့်ပြင်ဆင်ဆောင်ရွက်လျက်ရှိပါသည်။

ပြိုင်ပွဲကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၉ ရက်နေ့မှ ၂၀ ရက်နေ့အထိ ကျင်းပသွားမည်ဖြစ်၍ အားကစားပြိုင်ပွဲကျင်းပရန် ရက်ပေါင်း ၁၂၀ ခန့်သာရှိပြီး ပြင်ဆင်ချိန်အားဖြင့် လေးလခန့်သာ ကျန်ရှိတော့သည့်အတွက် အလွန်ပင် နီးကပ်နေပြီဖြစ်ပါသည်။ အားကစားသမားများမှာလည်း စနစ်တကျပါဝင်ယှဉ်ပြိုင်ပြီး အောင်မြင်မှုဆုတံဆိပ်များ ရရှိရေးအတွက် စခန်းဝင်လေ့ကျင့်လျက်ရှိပါသည်။

**အားကစားအာဟာရ**

အားကစားနှင့် သိပ္ပံပညာကို ပေါင်းစပ်ယှဉ်ပြိုင်ကြသော ယနေ့ခေတ် အားကစားလောကသည် လွှမ်းစွာကျယ်ပြန့်လာပါသည်။ အားကစားတစ်ခုတည်း လေ့ကျင့်နေရုံဖြင့် တော်ရုံခရီးမရောက်နိုင်တော့ပါ။ ၂၀၂၄ ခုနှစ် ပြင်သစ်အိုလံပစ်ပြိုင်ပွဲဝင် ဩစတြေးလျ အားကစားသမားများအတွက် အားကစားအာဟာရပညာရှင်များက လိုအပ်သော စွမ်းအင်ဖြည့်ဆည်းပေးခြင်း၊ စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းနှင့် စွမ်းအင်ပြန်လည်ဖြည့်ဆည်းရန် ကူညီပေးခြင်းဖြင့် ဩစတြေးလျအားကစားအဖွဲ့၏ အောင်မြင်မှုတွင် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်ခဲ့ကြသည်ဟု ဆိုပါသည်။

အလားတူပင် ပြင်သစ်အိုလံပစ်ပြိုင်ပွဲဝင် တရုတ်အသင်းသည်လည်း အားကစားအာဟာရပညာကို လေ့ကျင့်ရေးအစီအစဉ်များ၊ ပြန်လည်ထူထောင်ရေးနည်းပညာများနှင့် စိတ်ပိုင်းဆိုင်ရာ ပံ့ပိုးမှုများကဲ့သို့သော အားကစားသိပ္ပံ၏ အခြားနယ်ပယ်များနှင့် ပေါင်းစပ်၍ အားကစားသမား ဖွံ့ဖြိုးတိုးတက်မှုအတွက် ပြည့်စုံသောချဉ်းကပ်မှုနည်းလမ်းကို အသုံးပြုခြင်းအားဖြင့် အိုလံပစ်ပြိုင်ပွဲတွင် အောင်မြင်မှုများ ရခဲ့သည်ဟု သိရှိရပါသည်။

သို့ဖြစ်ရာ နည်းလမ်းပေါင်းစုံသုံးပြီး ယှဉ်ပြိုင်နေသည့်ခေတ်တွင် အားကစားအာဟာရပညာ (Sports Nutrition) ၏ ပြိုင်ဆိုင်မှုအခန်းကဏ္ဍသည် အားကစားအောင်မြင်ရေးအတွက် အဓိကသော့ချက်တစ်ခုဖြစ်နေကြောင်း သိသာထင်ရှားသောအထောက်အထားဖြစ်ပါသည်။ လေ့လာတွေ့ရှိချက်များအရ အားကစားသမားတစ်ဦး၏ အောင်မြင်မှုသည် အားကစားလေ့ကျင့်မှု၊ အားကစားစိတ်ဓာတ်နှင့် အားကစားအာဟာရဓာတ်တို့၏ အချိုးညီမျှစွာ ပေါင်းစပ်မှုပေါ်တွင် မူတည်ပါသည်။

ပြိုင်ပွဲတွင် အကောင်းဆုံးပုံစံဖြင့် အနိုင်ရရန်နှင့် စံချိန်ချိုးရန် ပြင်ဆင်နေသည့် အားကစားသမားများ အားကစားစွမ်းဆောင်ရည်ရရှိရန် ခန္ဓာကိုယ်အတွက် လောင်စာဆီသည် ၎င်းတို့စားသုံးသည့် အစာအာဟာရဖြစ်ပါသည်။ အားကစားအာဟာရသည် အားကစားစွမ်းဆောင်ရည်ကို မြှင့်တင်ရုံသာမက အားကစားပြုလုပ်ပြီးနောက် ကြွက်သားများ စွမ်းအင်ပြန်လည်ဖြည့်ဆည်းပြုပြင်မှု၊ ဒဏ်ရာကာကွယ်ရေးနှင့် စိတ်ပိုင်းဆိုင်ရာ အာရုံစူးစိုက်မှုတို့ကိုပါ အထောက်အကူပြုပါသည်။ အားကစားအာဟာရစီမံခန့်ခွဲမှုကို အားကစားနည်းအလိုက်၊ ကျား/မ အလိုက်နှင့် လေ့ကျင့်ချိန်အလိုက် လိုအပ်သော ကာဗိုဟိုက်ဒရိတ်၊ ပရိုတင်း၊ အဆီ၊ ဗီတာမင်နှင့် သတ္တုဓာတ်များ ပါဝင်သော အာဟာရဓာတ်များကို မျှတစွာ စားသုံးခြင်းဖြင့် အာဟာရဖြည့်တင်းရေးကို စနစ်တကျလုပ်ဆောင်ပါက အားကစားသမား၏ကျန်းမာရေးနှင့် အားကစားစွမ်းဆောင်ရည်ကို အမြင့်မားဆုံးသို့ရောက်အောင် မြှင့်တင်ပေးနိုင်မည်ဖြစ်ပါသည်။

အားကစားသမားသည် သာမန်လူတစ်ဦး၏ အစားအသောက်နှင့် ကွဲပြားပြီး အားကစားသမားများ၏ ပြင်းထန်သော လေ့ကျင့်ခန်းများနှင့် ပြိုင်ပွဲများတွင် လိုအပ်သော စွမ်းအင်နှင့် အာဟာရဓာတ်များပေးရန်အတွက် သင့်လျော်သော အချိန်များ၌ မှန်ကန်သော အာဟာရများ ဖြည့်ဆည်းပေးရပါသည်။ အားကစားသမားတစ်ဦးချင်းစီ၏ လိုအပ်ချက်များ၊ လေ့ကျင့်ရေး တောင်းဆိုချက်များနှင့်အညီ အံဝင်ခွင်ကျဖြစ်သော မျှတသည့် အစားအစာသည် မလိုလားအပ်သော ဒဏ်ရာပြဿနာများ ကာကွယ်ရန်အတွက်လည်း မရှိမဖြစ် လိုအပ်ပါသည်။

**စွမ်းအင်အတွက် ကာဗိုဟိုက်ဒရိတ်၏ အရေးပါမှု**

ကာဗိုဟိုက်ဒရိတ်သည် ကိုယ်လက်လှုပ်ရှားမှုတွင် ခန္ဓာကိုယ်အတွက် အဓိကလိုအပ်သော စွမ်းအင်အရင်းအမြစ်ဖြစ်၍ အားကစားသမားများအတွက် အရေးကြီးသောအာဟာရဓာတ်ဖြစ်သည်။ အားကစားသမားများသည် နေ့စဉ်ကယ်လိုရီစုစုပေါင်း၏ ၅၅-၆၅ ရာခိုင်နှုန်းကို ကာဗိုဟိုက်ဒရိတ်မှ ရရှိသင့်ပါသည်။ အစားအစာတွင်ပါဝင်သော ကာဗိုဟိုက်ဒရိတ်သည် ဂလူးကို့စ်အဖြစ် ချေဖျက်သွားပြီး ကိုယ်လက်လှုပ်ရှားမှုအတွင်း အသုံးပြုရန် ကြွက်သားများဆီသို့ သယ်ဆောင်၍ ဂလိုင်ကိုဂျင်အဖြစ် သိုလှောင်ကာ ကိုယ်လက်လှုပ်ရှားမှုလုပ်နေစဉ် လိုအပ်သောစွမ်းအင်ကို ပေးပါသည်။ ရိုးရှင်းသော ကာဗိုဟိုက်ဒရိတ် (simple carbohydrate) ပါဝင်သော အစားအစာသည် သွေးတွင်းဂလူးကို့စ်ကို လျင်မြန်စွာ တိုးစေနိုင်သောကြောင့် စွမ်းအင်ကို အမြန်မြှင့်တင်ပေးနိုင်သည်။ သကြားလုံးများ၊ ကွတ်ကီးများစားခြင်းနှင့် အချိုရည်များ သောက်ခြင်းအားဖြင့် ရိုးရှင်းသော ကာဗိုဟိုက်ဒရိတ်မှ စွမ်းအင်ရနိုင်ပါသည်။

ရှုပ်ထွေးသော ကာဗိုဟိုက်ဒရိတ် (Complex carbohydrate) ကို အာလူး၊ ဆန်၊ ဂျုံ၊ ပဲနှင့် အခွံမာသီးကဲ့သို့သော အစားအစာများမှ ရရှိနိုင်သည်။ ထိုကဲ့သို့သော အစားအစာများသည် အစာချေဖျက်ရန် အချိန်ယူပြီး ကျန်းမာရေးအတွက် ကောင်းမွန်သော အမျှင်ဓာတ်များ၊ ဗီတာမင်နှင့် သတ္တုဓာတ်များ ပံ့ပိုးပေးပါသည်။ လူတစ်ဦး၏ ကိုယ်ခန္ဓာတွင်း စွမ်းအင်ပမာဏသည် အချိန်ဆက်တိုက် အားကစားပြုလုပ်မည်ဆိုပါက နှစ်နာရီစာ အားကစားပြုလုပ်နိုင်ရန်အတွက်သာ လုံလောက်ပါသည်။

ရှုပ်ထွေးသော ကာဗိုဟိုက်ဒရိတ် အမျိုးအစားများသည် စွမ်းအင်ကို တဖြည်းဖြည်းချင်း ထုတ်လွှတ်ပေးသဖြင့် ဆန်၊ ဂျုံနှင့် အာလူးတို့မှ ပြုလုပ်ရရှိသော အစားအစာများကို ပြိုင်ပွဲမတိုင်မီ နှစ်ရက်(သို့မဟုတ်) သုံးရက်အလိုတွင် စားသုံးခြင်းဖြင့် ခံနိုင်ရည်အားပြုသော အားကစားသမားများ၌ ပြိုင်ပွဲမဝင်မီ ကြွက်သားများအတွင်း ဂလိုင်ကိုဂျင်သိုလှောင်မှုကို ဖြည့်ဆည်းခြင်း(Carbohydrates Loading)အားဖြင့် မြှင့်တင်ပေးနိုင်သည်ဟု အားကစားအာဟာရဗေဒပညာရှင်များက ယူဆကြပါသည်။ လမ်းလျှောက်၊ တာဝေးအပြေး၊ သုံးမျိုးစုံ စသည့် ခံနိုင်ရည်အားပြုသော အားကစားသမားများအတွက် ကာဗိုဟိုက်ဒရိတ်သည် ပိုအရေးကြီးပြီး ခွန်အားသုံး အားကစားသမားများအတွက်လည်း မရှိမဖြစ် လိုအပ်ပါသည်။

**ကြွက်သားတည်ဆောက်ရန် ပရိုတင်း၏ အရေးပါမှု**

အားကစားသမားများ၏ ကြွက်သားများကို ပြုပြင်ရန်နှင့် တည်ဆောက်ရန် ပရိုတင်းသည် မရှိမဖြစ် လိုအပ်သည်။ အားကစားသမားများ လေ့ကျင့်ခန်း ပြုလုပ်ပြီးနောက် ကြွက်သားမျှင်များ ပြန်လည်ပြုပြင်ရန်အတွက် ပရိုတင်းကို အသုံးပြုရပါသည်။ သာမန်လူတစ်ဦးသည် နေ့စဉ်တစ်ကီလိုဂရမ်လျှင် ၀ ဒသမ ၈ ဂရမ်ပရိုတင်း လိုအပ်သော်လည်း အားကစားသမားများအတွက် ၁ ဒသမ ၂ မှ ၂ ဒသမ ၀ ဂရမ်အထိ လိုအပ်ပါသည်။

ဥပမာအားဖြင့် ကိုယ်အလေးချိန် ၇၀ ကီလိုဂရမ်ရှိသော အားကစားသမားသည် နေ့စဉ်ပရိုတင်း ၈၄ -၁၄၀ ဂရမ်ခန့် စားသုံးသင့်ပါသည်။ ကြက်ရင်ပုံသား၊ အမဲသား၊ ဝက်သား၊ ငါး၊ ဥ၊ ဒိန်ချဉ်၊ ဒိန်ခဲကဲ့သို့ နို့နှင့် နို့ထွက်ပစ္စည်းများမှ တိရစ္ဆာန်အခြေခံပြီး ပြည့်စုံသော ပရိုတင်းရရှိနိုင်သလို ပဲအမျိုးမျိုး၊ ပဲပိစပ် ထုတ်ကုန်များ၊ တို့ဟူး၊ ပဲပုပ်၊ ပဲနို့၊ မြေပဲထောပတ်၊ ဗာဒံစေ့၊ ရွှေဖရုံစေ့၊ သစ်ကြားသီး စသည့်အစေ့အဆန်များကဲ့သို့ အပင်အခြေခံ ပရိုတင်းအစားအစာအရင်းအမြစ် များစွာသည်လည်း အားကစားသမားများအတွက် လုံလောက်သော ပရိုတင်းကို ပေးစွမ်းနိုင်ပါသည်။

အားကစားသမားများသည် ကြွက်သားထုထည် တိုးမြှင့်ရန် ပရိုတင်းကို ပိုမိုအာရုံစိုက်ရန် လိုအပ်ပါသည်။ အသားဓာတ်ဆုံးရှုံးသွားသော အားကစားသမားအတွက် ကြက်သား၊ အမဲသားများ အလွန်အကျွံကျွေးမွေးခြင်းထက် လိုအပ်သော အသားဓာတ် ဖြည့်စွက်စာမျိုးဖြစ်သော ပရိုတင်းအမှုန့် တစ်ခါတစ်ရံတိုက်ကျွေးခြင်းက ပုံမှန်အသားစားခြင်းထက်လည်း သာလွန်၍ အာနိသင်ဖြစ်စေပါသည်။ ကယ်လိုရီလျှော့စားနေသူများတွင် ပရိုတင်းမှုန့် သောက်ပေးခြင်းဖြင့် ကြွက်သားဆုံးရှုံးမှုကို ကာကွယ်ပေးပြီး ကိုယ်အလေးချိန်ကျစေသော အကျိုးကျေးဇူးများရနိုင်ပါသည်။

**အဆီ၏ အခန်းကဏ္ဍနှင့် မျှတရန်လိုအပ်မှု**

အဆီသည် စွမ်းအင်အရင်းအမြစ်တစ်ခုဖြစ်ပြီး ဟော်မုန်းထုတ်လုပ်မှုနှင့် အာဟာရဓာတ် စုပ်ယူမှုကို အထောက်အကူပြုသည်။ အိုမီဂါ-၃ ပါဝင်သောအဆီများ (ဥပမာ- ဆယ်လမွန်ငါး၊ ထောပတ်သီး)မှာ ကျန်းမာရေးအတွက် သင့်လျော်သော အဆီများဖြစ်သည်။ အားကစားသမားများသည် နေ့စဉ်ကယ်လိုရီ စုစုပေါင်း၏ ၂၀ - ၃၅ ရာခိုင်နှုန်းကို အဆီမှ ရရှိသင့်ပြီး မပြည့်ဝအဆီများကို ဦးစားပေးစားသုံးရပါမည်။ ခံနိုင်ရည် အားပြုအားကစားသမားများမှာ စွမ်းအင်လိုအပ်ချက်များကို ဖြည့်စွက်ရန် ကျန်းမာရေးအတွက် ကောင်းမွန်သော အဆီအနည်းငယ်ပါဝင်သည့် အစားအစာများ စားသုံးခြင်းမှ အကျိုးကျေးဇူးရနိုင်ပါသည်။

ထောပတ်သီး၊ အခွံမာသီးနှင့် အစေ့အဆန်များမှ ရရှိသော အဆီဓာတ်သည် ပွဲစဉ်အတွင်း ကောင်းသော စွမ်းအင်အရင်းအမြစ်ကို ပေးစွမ်းနိုင်ပါသည်။ ခံနိုင်ရည်အားပြုသော အားကစားသမားများအတွက် အဆီသည် ကြာရှည်စွမ်းအင်ထောက်ပံ့ရန် အရေးကြီးပြီး ခွန်အားသုံးကစားသမားများအတွက်လည်း ဟော်မုန်းမျှတမှုကို ထိန်းသိမ်းရန် လိုအပ်ပါသည်။

**ရေဓာတ်ဖြည့်တင်းခြင်း၏ အရေးပါမှု**

၂၀၂၃ခုနှစ် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ထိုင်းဘောလုံးအသင်းသည် ပြိုင်ပွဲကာလအတွင်း စနစ်ကျသော ရေဓာတ်ဖြည့်တင်းမှုအစီအစဉ်ဖြင့် စွမ်းဆောင်ရည်ကောင်းရစေရန်အတွက် အားကစားသမားများ၏ ပြေးနိုင်စွမ်းနှင့် အာရုံစူးစိုက်မှုကို ထိန်းသိမ်းနိုင်ခဲ့သောကြောင့် ရွှေတံဆိပ်ဆုရရှိခဲ့သော မှတ်တမ်းနှင့်

*စာမျက်နှာ ၁၁ သို့*



> ❑ **အားကစားသမားသည် သာမန်လူတစ်ဦး၏ အစားအသောက်နှင့် ကွဲပြားပြီး အားကစားသမားများ၏ ပြင်းထန်သော လေ့ကျင့်ခန်းများနှင့် ပြိုင်ပွဲများတွင် လိုအပ်သော စွမ်းအင်နှင့် အာဟာရဓာတ်များပေးရန်အတွက် သင့်လျော်သော အချိန်များ၌ မှန်ကန်သော အာဟာရများ ဖြည့်ဆည်းပေးရပါသည်။ အားကစားသမားတစ်ဦးချင်းစီ၏ လိုအပ်ချက်များ၊ လေ့ကျင့်ရေး တောင်းဆိုချက်များနှင့်အညီ အံဝင်ခွင်ကျဖြစ်သော မျှတသည့် အစားအစာသည် မလိုလားအပ်သော ဒဏ်ရာပြဿနာများ ကာကွယ်ရန်အတွက်လည်း မရှိမဖြစ်လိုအပ်**

*စာမျက်နှာ ၁၀ မှ*

၂၀၁၅ ခုနှစ် (၂၈) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အကြိုဗိုလ်လုပွဲ၌ အင်ဒိုနီးရှား အသင်းနှင့် ထိုင်းအသင်းယှဉ်ပြိုင်ခဲ့ရာ အင်ဒိုနီးရှား အသင်းမှာ ရေဓာတ်ဖြည့်တင်းမှု မလုံလောက်မှုကြောင့် ဒုတိယပိုင်းတွင် အားကစားသမားများ၏ စွမ်းဆောင်ရည်ကျဆင်းခဲ့ပြီး ဗိုလ်လုပွဲနှင့် လွဲချော်ခဲ့ရကြောင်း သုံးသပ်ချက်မှတ်တမ်းများအရ ရေဓာတ်ဖြည့်တင်းမှု၏ အရေးကြီးပုံကို တွေ့မြင်နိုင်ပါသည်။ ရေဓာတ်ခန်းခြောက်မှုသည် ခန္ဓာကိုယ်အလေးချိန်၏ ၂ ရာခိုင်နှုန်းကျော် ဆုံးရှုံးသွားသောအခါ ကြွက်သားခံနိုင်ရည် ၈ ဒသမ ၃ ရာခိုင်နှုန်း၊ ကြွက်သားစွမ်းအား ၅ ဒသမ ၅ ရာခိုင်နှုန်းနှင့် အနိုင်ရ ရာခိုင်နှုန်း ၅ ဒသမ ၈ ရာခိုင်နှုန်းခန့် လျော့ကျစေကြောင်း လေ့လာမှုရလဒ်များအရ တွေ့ရှိရပါသည်။

ထို့အပြင် ရေဓာတ်ခန်းခြောက်မှုသည် အားကစားပြိုင်ပွဲအတွင်း အာရုံစူးစိုက်မှု၊ ဆုံးဖြတ်နိုင်စွမ်းနှင့် ကြွက်သားပြန်လည်ပြုပြင်နိုင်မှုကို ထိခိုက်စေသဖြင့် အားကစားသမားများသည် လေ့ကျင့်ခန်း မပြုမီ၊ လေ့ကျင့်ခန်းအတွင်းနှင့် လေ့ကျင့်ခန်းပြီးနောက် ရေဓာတ်ဖြည့်တင်းထားရန် လိုအပ်သည်။ အားကစားဖျော်ရည်များသည် ဆိုဒီယမ်နှင့် ပိုတက်ဆီယမ်ကို ပြန်လည်ဖြည့်တင်းပေးပြီး ကြွက်သားပင်ပန်းနွမ်းနယ်မှုကို ကာကွယ်ပေးပါသည်။ ခံနိုင်ရည်အားပြု အားကစားသမားများသည် ရေဓာတ်ဖြည့်တင်းမှုကို ပိုမိုအာရုံစိုက်ရန်လို၍ အာဟာရဗေဒပညာရှင်များက လေ့ကျင့်ခန်းတစ်နာရီ လုပ်ပြီးတိုင်း ရေ ၅၀၀–၇၅၀ မီလီလီတာ သောက်သုံးရန် အကြံပြုကြပါသည်။

**ဗီတာမင်များ၏ အခန်းကဏ္ဍ**

ဗီတာမင်ဘီ ၁၊ ဘီ၂၊ ဘီ၃၊ ဘီ၅၊ ဘီ ၆၊ ဘီ၇၊ ဘီ ၉၊ ဘီ ၁၂ တို့သည် စွမ်းအင်ဇီဝဖြစ်ပျက်မှုအတွက် မရှိမဖြစ်လိုအပ်ပြီး ကာဗိုဟိုက်ဒရိတ်၊ အဆီနှင့် ပရိုတင်းများကို အသုံးပြုနိုင်သော စွမ်းအင်မော်လီကျူး(ATP) အဖြစ်သို့ ပြောင်းလဲပေးသောကြောင့် အားကစားသမားများ၏ အားကစားစွမ်းဆောင်ရည်အတွက် အလွန်အရေးကြီးသော ဗီတာမင်များဖြစ်ပါသည်။ ဤဗီတာမင်ဘီအုပ်စုများကို အစေ့အဆန်များ၊ အသားများ၊ ကြက်၊ ငါး၊ ဥများ၊ နို့ထွက်ပစ္စည်း၊ အခွံမာသီးများ၊ အစေ့များ၊ ပဲများ၊ စိမ်းလန်းသော ဟင်းသီးဟင်းရွက်များ စားသုံးခြင်းဖြင့် ရရှိနိုင်ပါသည်။

ဗီတာမင်စီသည် အားကစားသမားများအတွက် ခိုင်မာသော ကိုယ်ခံအားစနစ် ထိန်းသိမ်းမှု၊ အားကစားလေ့ကျင့်မှုနှင့် ပြိုင်ဆိုင်မှုများအတွက် မရှိမဖြစ် လိုအပ်ပါသည်။ ရောဂါပိုးများကို တိုက်ဖျက်ရာတွင် ကူညီပေးနိုင်ပြီး ဖျားနာမှုကို လျှော့ချပေးနိုင်ရုံသာမက ကြွက်သားနှင့် အရွတ်ဒဏ်ရာများမှ သက်သာမှုမြန်စေခြင်း၊ သံဓာတ်စုပ်ယူမှု အားကောင်းစေသဖြင့် သံဓာတ်ချို့တဲ့၊ သွေးအားနည်းရောဂါမှ ကာကွယ်နိုင်ခြင်းနှင့် ခန္ဓာကိုယ်အတွင်းရှိ ဆဲလ်များအပေါ် လေ့ကျင့်မှုကြောင့်ရရှိသော ဖိစီးမှုများမှ လျော့ပါးသက်သာစေခြင်း စသည့် အကျိုးများစွာရှိပါသည်။ လိမ္မော်သီး၊ စတော်ဘယ်ရီ၊ ကီဝီသီး၊ မာလကာသီး၊ ပန်းပွင့်မုံလာစိမ်း၊ ဂေါ်ဖီထုပ်၊ ခရမ်းချဉ်သီး၊ သံပုရာသီး စသည့်အသီးအနှံများတွင် ဗီတာမင်စီ ကြွယ်ဝစွာပါဝင်၍ ဗီတာမင်စီဓာတ်ရရှိစေရန် အားကစားသမားများ ပုံမှန်စားသုံးသင့်ပါသည်။ ဗီတာမင်ဒီသည် အရိုးကျန်းမာရေးအတွက် အလွန်အရေးပါ၍ ခန္ဓာကိုယ်အတွင်း ကယ်လ်စီယမ်စုပ်ယူမှုအတွက် မရှိမဖြစ်လိုအပ်ပါသည်။

ဗီတာမင်ဒီ ပမာဏလုံလောက်မှုရှိလျှင် အရိုးသိပ်သည်းဆတိုးစေရန် ပံ့ပိုးမှုပေး၍ အားကစားသမားများအတွက် အလွန်အရေးပါသော ဗီတာမင်ဖြစ်ပါသည်။ ထိခိုက်ဒဏ်ရာမှ အရိုးကျိုးနိုင်ခြေကို လျှော့ချပေးပြီး ကြွက်သားကျန်းမာကြံ့ခိုင်ရေးကိုပါ မြှင့်တင်ပေးသဖြင့် ဗီတာမင်ဒီပြည့်ဝစွာ စားသုံးရန် လိုအပ်ပါသည်။ နွားနို့၊ ဒိန်ချဉ် စသည့် နို့နှင့် နို့ထွက်

> ❖ **ပြိုင်ပွဲမစမီ၊ လေ့ကျင့်ချိန်/ပြိုင်ပွဲအတွင်းနှင့် ပြိုင်ပွဲအပြီး အာဟာရစားသုံးအချိန် စီမံခန့်ခွဲမှုမှာ အလွန်အရေးပါပြီး ခန္ဓာကိုယ်မှ မှန်ကန်သော အာဟာရစွမ်းအင်ကို အချိန်မှန်ရရှိမှု သေချာစေရန်မှာ အဓိကသော့ချက် လိုအပ်ချက်ဖြစ်ပါသည်။ ပြိုင်ပွဲတစ်ခုချင်းအတွက် အာဟာရအစီအစဉ်တစ်ခုချင်းပြင်ဆင်မှုသည် ယေဘုယျအစာစားခြင်း၏ အလေ့အထမှသည် ဗျူဟာမြောက် အောင်မြင်မှုရယူနိုင်သော ကိရိယာအဖြစ်သို့ ပြောင်းလဲပေးနိုင်**

ပစ္စည်းများ ၊ ဆယ်လ်မွန်ငါးများ နှင့် ငါးကြီးဆီများ၊ ပဲနို့ နှင့် ပဲပိစပ်များ၊ ဗီတာမင်ဒီအားဖြည့်ထားသော မာဂျရင်းများ စားသုံးခြင်းဖြင့် ရရှိနိုင်သကဲ့သို့ နေရောင်ခြည်ကောင်းစွာ ရရှိပါကလည်း ခန္ဓာကိုယ်မှ သဘာဝအားဖြင့် ဗီတာမင်ဒီကို ထုတ်လုပ်ပေးနိုင်သောကြောင့် နေရောင်ခြည်ရရှိမှုနည်းသော ရာသီများတွင် ရနိုင်သမျှ ဗီတာမင်ဒီ ရရှိရန် နေရောင်ခြည် ထိတွေ့မှုခံယူခြင်း စသည်ဖြင့် ဖြည့်ဆည်းနိုင်ပါသည်။

**အားကစားနည်း၊ ကျား/မကွဲပြားမှုနှင့် လေ့ကျင့်ချိန်အလိုက် အာဟာရဓာတ်ဖြည့်တင်းမှု**

သင့်လျော်သော အားကစားအာဟာရအစီအစဉ်သည် အားကစားသမားများအား ၎င်းတို့၏ သတ်မှတ်အားကစားနည်းအတွက် အကောင်းဆုံးသော ခန္ဓာကိုယ် အလေးချိန်နှင့် အဆီရာခိုင်နှုန်းကို ရရှိအောင် ထိန်းထားနိုင်စေရန် ကူညီပေးပြီး သွက်လက်မှု၊ အရှိန်နှင့် အလုံးစုံစွမ်းဆောင်ရည်ကို သိသိသာသာ သက်ရောက်မှုရှိစေသည်။ သို့ဖြစ်ရာ အာဟာရဓာတ် ဖြည့်တင်းမှုသည် အားကစားနည်း၊ ကျား/မနှင့် လေ့ကျင့်ချိန်အပေါ် မူတည်၍ ကွဲပြားပါသည်။

ပြေးခုန်ပစ်၊ ရေကူး အားကစားနည်းကဲ့သို့သော ခံနိုင်ရည်အားပြု အားကစားသမားများသည် ကာဗိုဟိုက်ဒရိတ်ကို ပိုမိုလိုအပ်ပြီး နေ့စဉ်ကယ်လိုရီစုစုပေါင်း၏ ၆၀–၇၀ ရာခိုင်နှုန်းကို ကာဗိုဟိုက်ဒရိတ်မှ ရရှိသင့်သည်။ သို့သော်လည်း တာတိုပြေး၊ အလေးမ၊ နပန်းကဲ့သို့သော ခွန်အားသုံးကစားသမားများအတွက် ပရိုတင်းဓာတ်ကို ဦးစားပေးရပါသည်။ ဥပမာအားဖြင့် တာတိုအားကစားသမားတစ်ယောက်၏ တစ်နေ့တာ လိုအပ်သော အာဟာရပမာဏတွင် ပရိုတင်းဓာတ်ကို ရာခိုင်နှုန်းများများ ထည့်၍ ကျွေးမွေးရပြီး တာဝေးမာရသွန်အပြေး အားကစားသမားဖြစ်လျှင် ကာဗိုဟိုက်ဒရိတ်ကို များများ ထည့်ပေးရပါသည်။

အမျိုးသားအားကစားသမားများမှာ အမျိုးသမီး အားကစားသမားများနှင့် နှိုင်းယှဉ်ပါက ကြွက်သားထုထည်ပိုကြီး၍ အင်အားပိုမိုလိုအပ်သောကြောင့် ပရိုတင်းနှင့် ကယ်လိုရီဓာတ်ကို ပိုမိုစားသုံးရန်လိုအပ်ပါသည်။ ဥပမာအားဖြင့် အမျိုးသား ၈၀ ကီလိုဂရမ်ရှိသူသည် နေ့စဉ် ပရိုတင်း လိုအပ်ချက် ၁၂၈ ဂရမ်မှ ၁၇၆ ဂရမ် အထိ ရှိနိုင်ပါသည်။ အမျိုးသမီးများမှာ လစဉ် ရာသီသွေးဆုံးရှုံးမှုကြောင့် သံဓာတ်ချို့တဲ့မှု အန္တရာယ် ပိုများ၍ အမျိုးသမီး အားကစားသမားများမှာ သံဓာတ်ပြည့်ဝစွာ စားသုံးရန် ပိုမိုအာရုံစိုက်ရပြီး ကယ်လ်ဆီယမ်နှင့် ဟော်မုန်းဓာတ်မျှတမှုအတွက် အဆီကို သင့်တင့်မျှတစွာ စားသုံးရန်လိုအပ်ပါသည်။

လေ့ကျင့်ချိန်နှင့် ပြိုင်ပွဲအလိုက် အာဟာရလိုအပ်ချက်မှာ များစွာကွဲပြားလေ့ရှိပါသည်။

ပြိုင်ပွဲမစမီ၊ လေ့ကျင့်ချိန်/ပြိုင်ပွဲအတွင်းနှင့် ပြိုင်ပွဲအပြီး အာဟာရစားသုံးချိန် စီမံခန့်ခွဲမှုမှာ အလွန်အရေးပါပြီး ခန္ဓာကိုယ်မှ မှန်ကန်သော အာဟာရစွမ်းအင်ကို အချိန်မှန်ရရှိမှု သေချာစေရန်မှာ အဓိကသော့ချက်ဖြစ်ပါသည်။ ပြိုင်ပွဲတစ်ခုချင်းအတွက် အာဟာရအစီအစဉ်တစ်ခုချင်း ပြင်ဆင်မှုသည် ယေဘုယျ အစာစားခြင်း၏ အလေ့အထမှသည် ဗျူဟာမြောက် အောင်မြင်မှုရယူနိုင်သော ကိရိယာအဖြစ်သို့ ပြောင်းလဲပေးနိုင်ပါသည်။

**အားကစားအာဟာရဖြည့်စွက်ဆေးများနှင့် ရေရှည်အောင်မြင်မှု**

အာဟာရဖြည့်စွက်ဆေးများ (ဥပမာ– ပရိုတင်းမှုန့်နှင့် creatine) သည် အာဟာရဓာတ်ဖြည့်တင်းရန် အဆင်ပြေသော နည်းလမ်းဖြစ်သည်။ သို့သော် ၎င်းတို့ကို အားကစားအာဟာရဆရာဝန်နှင့် တိုင်ပင်ပြီး မျှတစွာ အသုံးပြုရပါမည်။ creatine သည် ခွန်အားသုံး အားကစားသမားများအတွက် ကြွက်သားစွမ်းအားကို တိုးမြှင့်ပေးပြီး ပရိုတင်းမှုန့်သည် ကြွက်သားပြန်လည်ပြုပြင်ဖြည့်တင်းမှုကို အထောက်အကူပြုသည်။ အားကစားအာဟာရသည် ရေရှည်လိုက်နာရမည့် နည်းစနစ်ဖြစ်ပြီး အာဟာရပညာရှင်နှင့် ပူးပေါင်းလုပ်ဆောင်ခြင်းဖြင့် အားကစားသမားများသည် အားကစားသမားတို့၏ ရည်မှန်းချက်များကို အကောင်အထည်ဖော်နိုင်ပါသည်။

**အားကစားအာဟာရဆောင်ရွက်ရန် "P" ၆ လုံး**

အားကစားအာဟာရဗေဒဆိုင်ရာ နောက်ဆုံးတွေ့ရှိချက်များအရ အားကစား အာဟာရဆောင်ရွက်ရန် "P" ၆ လုံး လိုအပ်သည်ဆိုပါသည်။ အာဟာရဗေဒဖြည့်ဆည်းခြင်းလုပ်ငန်းစဉ်သည် မတော်တဆဖြစ်လာသည် မဟုတ်ဘဲ စနစ်တကျစီမံကိန်း (Planned) ဖြင့် စီစဉ်ထားရမည်ဟုဆိုပါသည်။ အားကစားအာဟာရသည် လေ့ကျင့်မှုအစီအစဉ်အရ အချိန်အခါအလိုက် ပြောင်းလဲမှုများ (Periodized) လိုအပ်သည်။ အားကစားသမားများ၏ ဘဝအစစ်အမှန်ကို အခြေခံတိုင်းတာသုတေသနပြုခြင်းမှ ရရှိသော အထောက်အထား အသိပညာသက်သေများ (Proven) လိုအပ်သည်။ အားကစားသမားတစ်ဦးချင်း၏ အားကစားနည်း၊ လိင်၊ အသက်အရွယ်၊ ကိုယ်ရည်ကိုယ်သွေး၊ မျိုးရိုးဗီဇနှင့် ကျန်းမာရေး ပြဿနာများအပေါ် အခြေခံသော တစ်သီးပုဂ္ဂလ သီးသန့်ဆန်မှုရှိရပါသည်။ လက်တွေ့ကျရုံသာမက လက်တွေ့လည်း ကျင့်သုံးနိုင်မှုတို့ ပါဝင်ရမည်ဟု ဆိုပါသည်။

သို့ဖြစ်၍ အားကစားအာဟာရပညာသည် သီးသန့်ဖန်တီးပြုလုပ်မှုဆန်သော ပညာရပ်ဆိုင်ရာ အလုပ်ဖြစ်သည်။ အားကစားသမားများ၏ အာဟာရသည် စခန်းသွင်းလေ့ကျင့်နေသော စားရိပ်သာ၌ ကျွေးမွေးရာတွင် အစားအသောက် ကျွေးမွေးမှုဇယား (Menu) ပေါ်တွင်သာ ပြည့်စုံနေ၍လည်း မဖြစ်သေးပါ။ Menu တွင် ပါဝင်သည့်အစားအစာများ၏ အာဟာရတန်ဖိုး စနစ်တကျတွက်ချက်၍ ချက်ပြုတ်ခြင်းမှာလည်း အဓိက ကျပါသည်။ အားကစားသမားများသည်လည်း တွက်ချက်ထားသော အာဟာရလိုအပ်ချက်များနှင့်အညီ စားသောက်ရန် လိုအပ်ပါသည်။ ထို့ပြင် ပြုလုပ်သည့် အားကစားနည်းပေါ် မူတည်၍ တစ်ဦးချင်းစီ၏ အာဟာရဓာတ် လိုအပ်ချက်များလည်း မတူညီသောကြောင့် Menu တစ်ခုတည်းဖြင့် အားကစားနည်းမျိုးစုံအတွက် ကျွေးမွေးနေ၍လည်း မရကြောင်း သိရန်လိုပါသည်။

**အားကစားအာဟာရ အခန်းကဏ္ဍကို မြှင့်တင်ခြင်း**

၂၁ ရာစုသည် ဘက်ပေါင်းစုံတွင် ယှဉ်ပြိုင်မှုများနှင့်သာ ရင်ဆိုင်နေရသော ရာစုနှစ်တစ်ခုလည်းဖြစ်သည်။ နယ်ပယ်အသီးသီးတွင် ပြင်းထန်သော ယှဉ်ပြိုင်မှုများနှင့်သာ ခရီးဆက်နေကြသည်။ အထူးသဖြင့် အားကစားနယ်ပယ်တွင် **"ပိုမြန်မြန်ပြေး၊ ပိုမြင့်မြင့်ခုန်၊ ပို၍သန်မာ– အတူတကွပါ"** ဆိုသော အိုလံပစ်ဆောင်ပုဒ် **(Faster, Higher, Stronger–Together)**အရ ယှဉ်ပြိုင်ကြသည့်အခါ နောက်ကွယ်မှ အုပ်ချုပ်ထောက်ပံ့မှု ကောင်းခြင်းသည်လည်း အောင်မြင်မှုရရှိရေး အဓိကအကြောင်းအရင်းဖြစ်သည်။ နည်းပညာအကူအညီများနှင့်သာမက အာဟာရဓာတ်ဖြည့်ဆည်းခြင်းဟူသော အထောက်အပံ့ကောင်းကိုလည်း ရယူမှသာ အောင်မြင်မှုပန်းတိုင်ကို အလွယ်တကူ ရောက်ရှိမည်ဖြစ်ပါသည်။ အကူအညီကောင်းများကို ပံ့ကိုင်နိုင်ရန်အတွက် ကျွမ်းကျင်သော အာဟာရပညာရှင် အရင်းအမြစ်သည် အဓိကလိုအပ်နေပေရာ နိုင်ငံတော်ဘက်ကလည်း အားကစားအာဟာရဗေဒနှင့် ပတ်သက်သော ပညာရှင်အရင်းအနှီးကို ပေါများစွာ တည်ဆောက်ထားရပါမည်။

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနတွင် အာဟာရပညာရှင်များ လုံလောက်စွာ ခန့်အပ်တာဝန်ပေးအပ်ခြင်း၊ အားကစားနှင့် ကာယပညာသိပ္ပံကျောင်းများအတွက်လည်း အာဟာရပညာရပ်နှင့်ပတ်သက်၍ စနစ်တကျလေ့ကျင့်သင်ကြားပေးခြင်း စသည်ဖြင့် ကောင်းမွန်သော လူ့စွမ်းအားအရင်းအမြစ်ကို တည်ဆောက်ကြရန် လိုပါသည်။ နိုင်ငံတကာမှ အားကစားအာဟာရညီလာခံများတွင် အတတ်ပညာဖလှယ်ခြင်းနှင့် ဆွေးနွေးခြင်းများကို စဉ်ဆက်မပြတ် ပြုလုပ်ပေးရပါမည်။ သို့မှသာ အားကစားသမားများအတွက် လိုအပ်သော အာဟာရဖြည့်ဆည်းခြင်းလုပ်ငန်းစဉ်ကို အထောက်အပံ့ကောင်းကောင်းပေးနိုင်သော လူ့စွမ်းအားအရင်းအမြစ်ကောင်းများ ရရှိလာမည်ဖြစ်ပါသည်။

နိဂုံးချုပ်အားဖြင့်ဆိုရလျှင် ပြည့်စုံကောင်းမွန်သော အားကစားအာဟာရသည် အားကစားသမားများ၏ အားကစားစွမ်းဆောင်ရည် အလားအလာ အပြည့်အဝရရှိနိုင်သဖြင့် အားကစားအာဟာရကို အဓိကမြှင့်တင်ရန်လိုပါသည်။

(၃၃) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို မကြာမီလပိုင်းအတွင်း ကျင်းပတော့မည်ဖြစ်၍ အားကစားနည်းများအလိုက် အင်တိုက်အားတိုက် လေ့ကျင့်နေကြသလို အားကစားအာဟာရဓာတ် ဖြည့်ဆည်းခြင်းအစီအစဉ်သည်လည်း လေ့ကျင့်ခန်းတစ်ခုသဖွယ် ကြိုတင်ပြင်ဆင်ဖို့ အချိန်ကျရောက်နေပြီဖြစ်ပါသည်။ အားကစားအာဟာရအစီအစဉ်ကို စနစ်တကျလိုက်နာကျင့်သုံးခြင်းဖြင့် အားကစားသမားများ၏ စွမ်းဆောင်ရည်နှင့် အားကစားစံချိန်စံနှုန်းများ ပိုမိုကောင်းမွန်ပြီး အောင်မြင်မှုဆုတံဆိပ်များစွာ ရရှိနိုင်မည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။

**အကိုးအကား**


1. Marshall S. How does nutrition affect Olympic athletes? – BDA. https://www.bda.uk.com/resource/how–does–nutrition–affect–olympic–athletes.html.2024.
2. Jayawardena R, Weerasinghe K, Nanayakkara I, Madhujith T, Hills AP, Kalupahana NS. The effects of a nutritional intervention on the sports nutrition knowledge and nutritional status of track and field athletes, 2025;26(1): 1–16. doi:10.1186/S13063–024–08683–9/TABLES/2
3. Narin R. Nutrition for Athletes: What to Eat Before a Competition | Johns Hopkins Medicine. doi:https://www.hopkinsmedicine.org/health/wellness–and–prevention/nutrition – and – fitness / nutrition – for–athletes–what–to–eat–before–a–competition

# လွိုင်ကော်၌ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အထိမ်းအမှတ် အဆင့်မြင့်ပညာနှင့် အခြေခံပညာကျောင်းပေါင်းစုံ အမျိုးသမီးကိုယ်ကာယကြံ့ခိုင်မှု အေရိုးဗစ်/ Fitness Dance ပြိုင်ပွဲ ကျင်းပ



**လွိုင်ကော် ဩဂုတ် ၁၁**

၂၀၂၅ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အထိမ်းအမှတ် ကယားပြည်နယ် ဝန်ကြီးချုပ်ဖလား အဆင့်မြင့်ပညာ/ အခြေခံပညာ ကျောင်းပေါင်းစုံ အမျိုးသမီးကိုယ်ကာယ ကြံ့ခိုင်မှု အေရိုးဗစ်/ Fitness Dance ပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက လွိုင်ကော်မြို့ ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာန အားကစားရုံအမှတ် (၃) ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ပြည်နယ် ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ပြိုင်ပွဲဝင် အသင်း အုပ်ချုပ်သူ၊ နည်းပြများ၊ အားကစားသမားများ၊ ကျောင်းသား ကျောင်းသူများနှင့် အားကစား ဝါသနာရှင်များ တက်ရောက်အားပေးကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကား ပြောကြားပြီး ပြိုင်ပွဲဝင်အသင်းများကို ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးကာ ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်၍ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ဘင်ခရာအဖွဲ့က ဂုဏ်ပြုသီချင်းဖြင့် တီးမှုတ်ဖျော်ဖြေမှုကိုကြည့်ရှုအားပေးပြီး လူမှုရေးရာဝန်ကြီးက ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပရိသတ်များက အေရိုးဗစ် သုံးဦးတွဲ လေ့ကျင့်ခန်းသရုပ်ပြမှုနှင့် အဆင့်မြင့်ပညာ/ အခြေခံပညာ ကျောင်းပေါင်းစုံ အမျိုးသမီး ကိုယ်ကာယကြံ့ခိုင်မှု အေရိုးဗစ်/ Fitness Dance ပြိုင်ပွဲယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးကြသည်။

ယခု ပြိုင်ပွဲတွင် အခြေခံပညာနှင့် အဆင့်မြင့်ပညာကျောင်းများမှ ပြိုင်ပွဲဝင်အသင်း ၁၅ သင်း ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး ဩဂုတ် ၁၂ ရက်အထိ သုံးရက်ကြာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ယနေ့နံနက်ပိုင်းတွင် လွိုင်ကော်မြို့ ဒေါတမရပ်ကွက်နေပြည်သူများသို့ MEVM အသိပညာပေးခြင်းနှင့် စမ်းသပ်ဆန္ဒမဲပေးခြင်းကို ဒေါတမရပ်ကွက် တောင်တန်းသာသနာပြုဗဟိုတပ်ဦးကျောင်း ဓမ္မာရုံ၌ ပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများ သွားရောက်ကြည့်ရှုအားပေးသည်။

ဦးစွာ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ ခွဲရုံး ပြည်နယ်ရွေးကောက်ပွဲအရာရှိက မြန်မာအီလက်ထရောနစ်မဲပေးစက် ဖွဲ့စည်းတည်ဆောက်ပုံ၊ အသုံးပြုပုံ အဆင့်ဆင့်ကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ပြည်နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံး ဝန်ထမ်းများက မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် စမ်းသပ်မဲဆန္ဒပေးရန် ကူညီဆောင်ရွက်ပေးနေမှုနှင့် ရပ်ကွက်ပြည်သူများ စိတ်ပါဝင်စားစွာ လက်တွေ့ဆန္ဒမဲပေးနေမှုများကို ကြည့်ရှုအားပေးသည်။

ယနေ့ မဲပေးစက် စမ်းသပ်မဲပေးခြင်းနှင့် အသိပညာပေးခြင်းကို ဒေါတမရပ်ကွက်နေ ပြည်သူ ၃၀၀ ခန့်က ဆောင်ရွက်ခဲ့ပြီး ပြည်နယ်အတွင်း မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများအလိုက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၈၀) သင်တန်းဖွင့်ပွဲကျင်းပ





**နေပြည်တော် ဩဂုတ် ၁၁**

အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ် (၈၀)၏ သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၇ နာရီတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ရတနာခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးဆန်းမြင့်နှင့် တာဝန်ရှိသူများ၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ်၊ ဒုတိယ ပါမောက္ခချုပ်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ တက္ကသိုလ် သင်ကြား/ စီမံဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးဆန်းမြင့်က ဖွံ့ဖြိုးတိုးတက်ပြီး တည်ငြိမ်အေးချမ်းသော နိုင်ငံတော်တည်ဆောက်ရာတွင် ပညာရေးသည် အခြေခံလိုအပ်ချက်ဖြစ်၍ ဆရာ ဆရာမများအနေဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားကို ရှေးရှုပြီး ကဏ္ဍအလိုက်၊ အဆင့်အလိုက် မိမိတို့၏ ပညာရေးလုပ်ငန်းတာဝန်များကို စွမ်းရည်ထက်မြက်စွာဖြင့် တာဝန်ယူမှု၊ တာဝန်ခံမှုတို့နှင့် ပေါင်းစပ်ပြီး နိုင်ငံတော်အတွက် ဗလငါးတန်နှင့် ပြည့်စုံသည့် ပညာတတ်လူ့စွမ်းအား အရင်းအမြစ်များ စဉ်ဆက်မပြတ် မွေးထုတ်နိုင်စေရန် လေ့ကျင့်ဖွင့်လှစ်ပေးခြင်းဖြစ်ပါကြောင်း၊ စိတ်ဓာတ်၊ စည်းကမ်း၊ ခံယူချက်နှင့် ယုံကြည်ချက် ခိုင်မာအားကောင်းပြီး နိုင်ငံ့ဝန်ထမ်းကောင်း ဆရာ ဆရာမများဖြစ်အောင် ပြုမူနေထိုင်ကြရန် တိုက်တွန်းမှာကြားသည်။

အဆိုပါ သင်တန်းသို့ ပညာရေးဝန်ကြီးဌာနမှ သင်တန်းသား ၉၆ ဦး၊ သင်တန်းသူ ၃၈၇ ဦး၊ စုစုပေါင်း ၄၈၃ ဦး တက်ရောက်မည်ဖြစ်ပြီး သင်တန်းကာလမှာ ရက်သတ္တ ငါးပတ်ကြာမြင့်မည်ဖြစ်သည်။

ဆက်လက်၍ အဖွဲ့ဝင် ဦးဆန်းမြင့်သည် တက္ကသိုလ် စစ်ရေးပြကွင်း၌ အရာထမ်းငယ်သင်တန်း အမှတ်စဉ် (၁၀၃)နှင့် စာရေးဝန်ထမ်း အမှတ်စဉ် (၁၁၃) တို့မှ သင်တန်းသား သင်တန်းသူများ၏ သင်တန်းဆင်း စစ်ရေးပြလေ့ကျင့်နေမှုကို လည်းကောင်း၊ တက္ကသိုလ်ရှိ အသားစားကြက်ခြံတွင် သင်တန်းရိက္ခာအတွက် အသားစားကြက်များ မွေးမြူထားရှိမှုကိုလည်းကောင်း၊ သင်တန်းရိက္ခာအတွက် တက္ကသိုလ်မှ စိုက်ပျိုးထားရှိသော ရာသီသီးနှံများနှင့် သင်တန်းအိပ်ဆောင်အလိုက် သင်တန်းသူ သင်တန်းသားများ စိုက်ပျိုးထားရှိသည့် ရာသီသီးနှံ စိုက်ခင်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ညနေပိုင်းတွင် အရာထမ်းငယ်သင်တန်း အမှတ်စဉ်(၁၀၃)မှ သင်တန်းသူများ ထားရှိသည့် စံပယ်ဆောင်သို့ သွားရောက်၍ သင်တန်းသူများနှင့်အတူညနေစာ သုံးဆောင်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ



**နေပြည်တော် ဩဂုတ် ၁၁**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် T & Z Finance Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် GAC Toyota bZ3X အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Grand Sirius Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် NETA X အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Shwe Thway Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် BYD SONG L အမျိုးအစား လျှပ်စစ်သုံး မော်တော်ယာဉ်များနှင့် BYD SEALION 07 အမျိုးအစား လျှပ်စစ်သုံး မော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့် အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# သဲကုန်းမြို့နယ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက် အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းဆောင်ရွက်



**သဲကုန်း ဩဂုတ် ၁၁**

ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်း အခမ်းအနားကို ယမန်နေ့နံနက်က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ သဲကုန်းမြို့နယ် ကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစောပြည့်စုံက အမှာစကား ပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ ဦးစီးအရာရှိ ဒေါ်သူဇာခင်က မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) အကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) ဖြင့် စမ်းသပ်မဲပေးခြင်းကို ရပ်ကွက်နေပြည်သူ ၁၀၇ ဦးတို့က လက်တွေ့ပါဝင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၏ ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲဖွင့်ပွဲ ပြုလုပ်



**နေပြည်တော် ဩဂုတ် ၁၁**

ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၏ ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် တိုင်းစစ်ဌာနချုပ်၊ တိုင်းရန်အောင်ခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ် ကျော်ကျော်ဟန်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့်အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြိုင်ပွဲဝင်အသင်းများ၏ အဖွင့်ပွဲစဉ် ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက်ရှိ တပ်ရင်း/တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်း ရှစ်သင်းဖြင့် ဩဂုတ် ၁၅ ရက်အထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပွင့်လန်းသာယာ လန်ချန်း - မဲခေါင် ဂေဟာ ရုပ်သံမှတ်တမ်းအစီအစဉ် ရိုက်ကူးမည့် တရုတ်နိုင်ငံ ကွမ်ရှီးရုပ်သံရိုက်ကူးရေးအဖွဲ့ မြန်မာနိုင်ငံသို့ ရောက်ရှိ

**ရန်ကုန် ဩဂုတ် ၁၁**

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် တရုတ်နိုင်ငံ နန်နင်းမြို့ ကွမ်ရှီးအသံလွှင့်နှင့် ရုပ်မြင်သံကြားတို့ ပူးပေါင်းပြီး ပွင့်လန်းသာယာ လန်ချန်း – မဲခေါင် ဂေဟာ ရုပ်သံမှတ်တမ်းအစီအစဉ်ကို နေပြည်တော်နှင့် ရန်ကုန်မြို့တို့တွင် ရိုက်ကူးကြမည်ဖြစ်သည်။ အဆိုပါ ရုပ်သံမှတ်တမ်းအား ပူးပေါင်းရိုက်ကူးမည့် တရုတ်နိုင်ငံ ကွမ်ရှီးအသံလွှင့်နှင့် ရုပ်မြင်သံကြားဌာနမှ ညွှန်ကြားရေးမှူး မစ္စတာ Yang Chun ဦးဆောင်သည့် အဖွဲ့ဝင် ခုနစ်ဦးပါအဖွဲ့သည် ဩဂုတ် ၁၁ ရက် မနက်ပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိလာရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (ရန်ကုန်) မှ တာဝန်ရှိသူများက ကြိုဆိုကြသည်။



မြန်မာအသံနှင့် ရုပ်မြင်သံကြားနှင့် ကွမ်ရှီးအသံလွှင့်နှင့် ရုပ်မြင်သံကြားဌာနတို့ ပထမဦးဆုံးအကြိမ် ပူးပေါင်း၍ စီစဉ်ရိုက်ကူးကြမည်ဖြစ်ပြီး မဲခေါင် – လန်ချန်း ခြောက်နိုင်ငံတို့ အတူတကွ ပူးပေါင်းစီစဉ် ဆောင်ရွက်မှုဖြစ်သကဲ့သို့ တရုတ် – မြန်မာ ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှုကို ဖော်ပြနိုင်ရန်အတွက် စီစဉ်ရိုက်ကူးခြင်းလည်းဖြစ်ကြောင်း၊ အဆိုပါ လာရောက်သည့် ရိုက်ကူးရေးအဖွဲ့သည် တရုတ်နိုင်ငံတွင် လုပ်ငန်းထူးချွန်မှု အမြင့်ဆုံးဆုရရှိထားပြီး နေပြည်တော်နှင့် ရန်ကုန်မြို့ အနီးတစ်ဝိုက်တွင် ရိုက်ကူးကြမည်ဖြစ်ရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တရုတ်သံအမတ်ကြီးတို့နှင့်လည်း တွေ့ဆုံမေးမြန်းရိုက်ကူးနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မြန်မာ–တရုတ် နှစ်နိုင်ငံ မီဒီယာတို့ ပူးပေါင်းဆောင်ရွက်မှု ကဏ္ဍအသစ်တစ်ခု ဖြစ်ကြောင်းလည်း သိရှိရသည်။ **သတင်းစဉ်**

# ရေချို၊ ရေငန်ပုစွန် ဝယ်လိုအားများပြား၍ ဈေးနှုန်းအမြင့်တွင် ရပ်တည်လျက်ရှိ

**ရန်ကုန် ဩဂုတ် ၁၁**

ရေထွက်ကုန် ပစ္စည်းများ ရောင်းဝယ်ဖောက်ကား လျက်ရှိသည့် ရန်ကုန်မြို့ရှိ ဈေးကွက်များသို့ ရေငန်ပုစွန်နှင့် ရေချိုပုစွန်များ ဝင်ရောက်သော်လည်း ဝယ်လိုအားများနေသဖြင့် ဈေးနှုန်းအမြင့်တွင် ရပ်တည်လျက်ရှိကြောင်း သိရသည်။



ရာသီဥတုပြောင်းလဲမှုကြောင့် ငါးဖမ်းရာသီတစ်လကျော်အတွင်း အပြည့်အဝ ဖမ်းဆီးမှု မရှိခြင်း၊ ရေချိုမွေးကန်များ တည်ရှိရာ တွံတေး၊ ညောင်တုန်း ဘောလယ်ကျွန်း၊ ခတ္တိယနှင့် ပဲခူးတိုင်းဒေသကြီးရှိ ကန်များ ရေကြီးမှုကြုံခဲ့ရသဖြင့် ယခုနှစ်တွင် မွေးမြူမှု ရပ်နားထားခြင်းနှင့် ကောင်ရေ ပမာဏလျော့နည်း မွေးမြူထားခြင်းတို့ကြောင့် ဈေးကွက်အတွင်း ရောင်းလိုအားထက် ဝယ်လိုအားများလျက်ရှိရာ မိုးရာသီ၌ ပုစွန်ဈေးနှုန်းသည် အမြင့်ပိုင်းတွင် ဆက်လက်ရပ်တည်နေခြင်း ဖြစ်သည်။

“ပင်လယ်ပုစွန် ဖြစ်တဲ့ တိုက်ဂါး၊ ဖလားဝါး၊ ဝိုက်နဲ့တရုတ်ကို ပို့တဲ့ ရွှေပုစွန်တွေ ဝင်တယ်။ ပင်လယ်ပြင်ရာသီဥတုပေါ်မူတည်ပြီး စက်လှေများများ ဝင်ရင် ဈေးကွက်ထဲကို များများဖြန့်နိုင်ပါတယ်။ ပင်လယ်ပုစွန်ဈေးကောင်းတာက ပြည်ပပို့ကုန်များလို့ပါ။ ဈေးနှုန်းသက်သာဖို့ဆိုရင် ရေချို၊ ရေငန်ပုစွန်များများ မွေးမြူထုတ်လုပ်ဖို့ လိုပါတယ်။ လက်ရှိမှာ ပုစွန်ဈေး အမြင့်ဈေးမှာရှိနေတယ်လို့ ပြောရမှာပါ” ဟု ကြည့်မြင်တိုင် စံပြငါးဈေးမှ ဒေါ်တင်နွဲ့က ပြောသည်။

ရေငန်ပုစွန် ဖြစ်သည့် တိုက်ဂါးတစ်ပိဿာ ငွေကျပ် ၄၅၀၀၀ မှ ၅၅၀၀၀၊ ဖလားဝါးနှင့် ဝိုက် တစ်ပိဿာငွေကျပ် ၃၅၀၀၀ မှ ၄၅၀၀၀ နှင့် ရွှေပုစွန်တစ်ပိဿာလျှင် ငွေကျပ် ၂၃၀၀၀ ဖြင့် ဒိုင်ဈေး ရောင်းချလျက်ရှိပြီး ရေချိုပုစွန်ဖြစ်သော ဘော့ချိတ်တစ်ပိဿာလျှင် ငွေကျပ် ၃၅၀၀၀ နှင့် ပုစွန်ကြား တစ်ပိဿာလျှင် ငွေကျပ် ၆၀၀၀၀ ဖြင့် ဈေးကွက်အတွင်း ရောင်းချလျက်ရှိသည်။

ရန်ကုန်မြို့သို့ ဝင်ရောက်လာသည့် ရေငန်ပုစွန်များကို ပြည်ပပို့ကုန်အဖြစ် အအေးခန်း စက်ရုံများသို့ တင်ပို့၍ ရေချိုပုစွန်ဖြစ်သည့် ပုစွန်ကြားကို ပြည်ပဈေးကွက်တင်ပို့ကာ ဘော့ချိတ်ပုစွန်ကို ပြည်တွင်းဈေးကွက်၌ ရောင်းချလေ့ရှိသည်။

ပင်လယ်ပြင် ဖမ်းဆီးခြင်းနှင့် မွေးမြူထုတ်လုပ်မှုကို ပုံမှန်လုပ်ဆောင်ခြင်းသည် ငါး၊ ပုစွန် ဈေးကွက်ကို တည်ငြိမ်စေပြီး ဝယ်လိုအားနှင့် ရောင်းလိုအား ညီမျှမှုကို ရရှိစေမည်ဖြစ်ကြောင်း ရေထွက်ကုန်လုပ်ငန်းရှင်များက သုံးသပ်ကြသည်။

**သစ္စာ(MNA)၊ ဓာတ်ပုံ – ဇွဲမာန**

# ငါးသိုင်းချောင်းမြို့၌ လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲကျင်းပ

**ငါးသိုင်းချောင်း ဩဂုတ် ၁၁**

ဧရာဝတီတိုင်းဒေသကြီး ငါးသိုင်းချောင်းမြို့၌ လူငယ်များအသိပညာဗဟုသုတတိုးပွားစေရန် ရည်ရွယ်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကို အခြေခံပညာမူလတန်း (ရေတံခွန်) ကျောင်း၌ ယနေ့နံနက်က ကျင်းပသည်။

အခမ်းအနားတွင် အခြေခံပညာမူလတန်း(ရေတံခွန်)ကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ထွေးအိချိုက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့ဦးစီးမှူး ဒေါ်ခင်မာလာအောင်က လူငယ်များ ဘက်စုံဖွံ့ဖြိုးရေးဆိုင်ရာများကို ဆွေးနွေးဟောပြောသည်။

ဆက်လက်၍ ရုပ်သံကျွမ်းကျင်–၃ ဦးခင်မောင်မြင့်က လူကုန်ကူးမှုသတိပြုဆင်ခြင်ရမည့်အကြောင်းအရာများနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးထွန်းမင်းလတ်က လူငယ်နှင့် အစားအသောက်အကြောင်းအရာများကို ဆွေးနွေးပြောကြားပြီး နယ်မြေမီးသတ်ဦးစီးဌာနမှ မြို့မီးသတ်ဦးစီးမှူး ဦးဝင်းနိုင်က မီးသတ်ဆေးဘူးအသုံးပြုပုံနှင့် အသက်ကယ်ဝတ်စုံဝတ်ဆင်ပုံတို့ကို လက်တွေ့သရုပ်ပြသည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လူကုန်ကူးမှုတိုက်ဖျက်ရေးနံရံကပ်စာစောင်၊ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး နံရံကပ်စာစောင်၊ ကလေးအလုပ်သမားပပျောက်ရေးနံရံကပ်စာစောင်များပြသရာ ကျောင်းသား ကျောင်းသူများက ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။ **ငါးသိုင်းချောင်း(ပြန်/ဆက်)**



# ဓနုဖြူမြို့နယ်ရှိ ကျေးရွာသုံးရွာ၌ ကျေးလက်မီးလင်းရေးအတွက် ၄၀၀ ဗို့ ဓာတ်အားလိုင်းများ သွယ်တန်းပြီးစီး

**ဓနုဖြူ ဩဂုတ် ၁၁**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်စီမံကိန်းရန်ပုံငွေမှ အတိုးရငွေဖြင့် ဒေသခံပြည်သူများ လျှပ်စစ်မီးအသုံးပြုနိုင်စေရန် ရည်ရွယ်၍ ကျေးရွာတွင်း ၄၀၀ ဗို့အားလိုင်း လျှပ်စစ်ဓာတ်အားသွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့နံနက်ပိုင်းတွင် ရေပေါက်ကျေးရွာ၊ ကျောက်တိုင်ကျေးရွာ နှင့် စာဖြူစု ကျေးရွာတို့၌ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ရေပေါက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် ၁၆၆ သိန်းဖြင့် အရှည် ပေ ၉၆၀ နှင့် ကျောက်တိုင်ကျေးရွာတွင် အတိုးရငွေကျပ်သိန်း ၁၈၀ ဖြင့် အရှည်ပေ ၁၉၅၀ နှင့် စာဖြူစုကျေးရွာတွင် အတိုးရငွေကျပ် ၁၀၅ သိန်းဖြင့် အရှည် ပေ ၁၂၉၀ ရှိ ၄၀၀ ဗို့ ဓာတ်အားလိုင်းများ သွယ်တန်းပြီးစီးမှုအခြေအနေများကို တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

အဆိုပါကျေးရွာသုံးရွာ၌ ၄၀၀ ဗို့အားလိုင်း လျှပ်စစ်မီးသွယ်တန်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီးပြီးဖြစ်၍ ဒေသခံပြည်သူ ၁၆၉၈ ဦးတို့၏ နေအိမ်များတွင် လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။ **ချိုသန်းညွန့်(ကျေးလက်)**

# မိုးတိမ်တောင် ဖြစ်ပေါ်မှု အခြေအနေ

**နေပြည်တော် ဩဂုတ် ၁၁**

ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

# ကမ္ဘောဒီးယားနိုင်ငံက ဇန်နဝါရီလမှ ဇူလိုင်လအတွင်း ထုတ်ကုန်ပစ္စည်း အမေရိကန်ဒေါ်လာ ၁၇ ဒသမ ၇၂ ဘီလီယံတင်ပို့နိုင်



ဖနောင်ပင် ဩဂုတ် ၁၁

ကမ္ဘောဒီးယားနိုင်ငံသည် ၂၀၂၅ ခုနှစ် ပထမခုနစ်လအတွင်း ဒေါ်လာ ၁၇ ဒသမ ၇၂ ဘီလီယံတန်ဖိုးရှိ ထုတ်ကုန်ပစ္စည်းများကို တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။ အဆိုပါပမာဏမှာ ပြီးခဲ့သည့်နှစ်အလားတူကာလက ဒေါ်လာ ၁၄ ဒသမ ၉၆ ဘီလီယံနှင့်နှိုင်းယှဉ်ကြည့်ပါက ၁၈ ဒသမ ၄ ရာခိုင်နှုန်း တိုးလာကြောင်း တရားဝင်သတင်းအချက်အလက်များက ဩဂုတ် ၁၁ ရက်တွင် ထုတ်ပြန်ထားသည်။

အဓိကတင်ပို့သည့် ပစ္စည်းများမှာ အဝတ်အထည်၊ ဖိနပ်၊ ခရီးသွားပစ္စည်းများ၊ စက်ဘီးနှင့် စိုက်ပျိုးရေးထုတ်ကုန်များဖြစ်သည့် ဆန်၊ ရော်ဘာ၊ ပီလောပီနံမှုန့်၊ သီဟိုဠ်သရက်စေ့၊ ငှက်ပျောသီး၊ သရက်သီးနှင့် တောကြက်မောက်သီးတို့ ပါဝင်ကြောင်း ကုန်သွယ်ရေးဝန်ကြီးဌာန၏ သတင်းအချက်အလက်များအရ သိရသည်။

ကမ္ဘောဒီးယားနိုင်ငံက အမေရိကန်ပြည်ထောင်စု၊ ဗီယက်နမ်၊ တရုတ်၊ ဂျပန်နှင့် ကနေဒါနိုင်ငံတို့ကို အဓိကတင်ပို့ကြောင်း သိရသည်။

ထို့ပြင် ကမ္ဘောဒီးယားနိုင်ငံသည် ယခုနှစ် ဇန်နဝါရီလမှ ဇူလိုင်လအတွင်း စုစုပေါင်း သွင်းကုန် ဒေါ်လာ စုစုပေါင်း ၁၉ ဒသမ ၁၆ ဘီလီယံ တင်သွင်းခဲ့ကြောင်း သိရသည်။ အဆိုပါ သွင်းကုန်ပမာဏမှာ ပြီးခဲ့သည့်နှစ် အလားတူကာလက ဒေါ်လာ ၁၆ ဒသမ ၅၈ ဘီလီယံရှိရာမှ ၁၅ ဒသမ ၅ ရာခိုင်နှုန်း တိုးလာကြောင်း သိရသည်။

ဆင်ဟွာ

## စပိန်နိုင်ငံ၌ တောမီးလောင်မှုကြောင့် ဒေသခံများ ဘေးလွတ်ရာသို့ပြောင်းရွှေ့ရ

မက်ဒရစ် ဩဂုတ် ၁၁

စပိန်နိုင်ငံ အနောက်မြောက်ပိုင်း ကတ်စတိုင်း၊ လီယွန်တို့၌ နေရာအနှံ့ တောမီးများ ဆက်လက်လောင်နေသဖြင့် ရာနှင့်ချီသည့် ဒေသခံများ ဘေးလွတ်ရာသို့ ပြောင်းရွှေ့ခဲ့ရကြောင်း သိရသည်။

ဩဂုတ် ၉ ရက် မွန်းလွဲပိုင်းက စတင်လောင်ခဲ့သည့် အပြင်းထန်ဆုံး မီးလောင်မှုတစ်ခုမှာ ယူနက်စကို ကမ္ဘာ့အမွေအနှစ်နေရာဖြစ်သည့် Las Medulas သို့ ရောက်ရှိလာခဲ့ကြောင်း သိရသည်။ Las Medulas နှင့် အနီးအနားရှိ ကာရူဆီဒိုနှင့် အိုရယ်လန်ဝဲတို့ရှိ ဒေသခံများမှာ ဩဂုတ် ၉ ရက်နှင့် ၁၀ ရက်တို့တွင် ဘေးလွတ်ရာသို့ ပြောင်းရွှေ့ခဲ့ရကြောင်း သိရသည်။ အခြားတောမီးလောင်မှုကြောင့် ဇမ်ရိုရာပြည်နယ်အတွင်း လူပေါင်း ၈၅၀ ခန့်ကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့ရန် ညွှန်ကြားထားကြောင်း သိရသည်။

ယခုသီတင်းပတ်အတွင်း ကတ်စတိုင်းနှင့် လီယွန်၌ နေရာအနှံ့ အပြား တောမီးလောင်မှုပေါင်း ၃၀ ကျော် မှတ်တမ်းတင်ခဲ့ပြီး အဆိုပါ ဒေသအတွင်း အပူချိန်မှာ ၃၅ ဒီဂရီဆဲလ်စီးယပ်ကျော်ရှိကြောင်း သိရသည်။ ၂၀၂၅ ခုနှစ် ယခုအချိန်အထိ စပိန်နိုင်ငံ၌ မြေဟက်တာ ၄၆၀၀၀ ကျော် မီးလောင်ပျက်စီးခဲ့ကြောင်း ဥရောပသစ်တော၊ မီးဘေးဆိုင်ရာ သတင်းအချက်အလက်စနစ်က ထုတ်ပြန်ထားသည်။

ဆင်ဟွာ

## ဗီယက်နမ်နိုင်ငံက နိုင်ငံပေါင်း ၁၂ နိုင်ငံကို ဗီဇာကင်းလွတ်ခွင့်ပြုမည်

ဟနွိုင်း ဩဂုတ် ၁၁

ဗီယက်နမ်အစိုးရသည် ခရီးသွားလုပ်ငန်းမြှင့်တင်ရန် ကြိုးပမ်းမှုတစ်စိတ်တစ်ပိုင်းအဖြစ် နိုင်ငံပေါင်း ၁၂ နိုင်ငံမှ နိုင်ငံသားများအတွက် ဗီဇာကင်းလွတ်ခွင့် ပြုသွားမည်ဖြစ်ကြောင်း ဗီယက်နမ်သတင်းအေဂျင်စီက ဩဂုတ် ၁၁ ရက်တွင် ဖော်ပြထားသည်။

ဗီယက်နမ်နိုင်ငံက ဗီဇာကင်းလွတ်ခွင့်ပြုမည့် နိုင်ငံများမှာ ဘယ်လ်ဂျီယံ၊ ဘူလ်ဂေးရီးယား၊ ခရိုအေးရှား၊ ချက်ဇ်သမ္မတနိုင်ငံ၊ ဟန်ဂေရီ၊ လူဇင်ဘတ်၊ နယ်သာလန်၊ ပိုလန်၊ ရိုမေးနီးယား၊ စလိုဗက်ကီးယား၊ စလိုဗေးနီးယားနှင့် ဆွစ်ဇာလန်နိုင်ငံတို့ ဖြစ်သည်။

ဗီဇာကင်းလွတ်ခွင့်မှာ ဩဂုတ် ၁၅ ရက်မှ ၂၀၂၈ ခုနှစ် ဩဂုတ် ၁၄ ရက်အထိ ဖြစ်ကြောင်း၊ အမျိုးသားစာရင်းအင်းရုံး၏ ထုတ်ပြန်ချက်အရ ဗီယက်နမ်နိုင်ငံသို့ ယခုနှစ် ပထမခုနစ်လအတွင်း နိုင်ငံတကာခရီးသွား ၁၂ ဒသမ ၂၃ သန်း ဝင်ရောက်မှုရှိခဲ့ပြီး ယမန်နှစ်ကထက် ၂၂ ဒသမ ၅ ရာခိုင်နှုန်း တိုးလာကြောင်း သိရသည်။



ဆင်ဟွာ



## ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ အထွေထွေရွေးကောက်ပွဲမတိုင်မီ ခန္ဓာကိုယ်တပ် ကင်မရာ အနည်းဆုံး အလုံး ၄၀၀၀၀ ဝယ်ယူရန် စီစဉ်နေ

ဒါကာ ဩဂုတ် ၁၁

ဘင်္ဂလားဒေ့ရှ် ကြားဖြတ်အစိုးရသည် ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလတွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲအတွင်း ဘေးကင်းလုံခြုံမှုကို မြှင့်တင်ရန် ရဲတပ်ဖွဲ့အတွက် ခန္ဓာကိုယ်တပ် ကင်မရာ အနည်းဆုံး အလုံး ၄၀၀၀၀ ဝယ်ယူရန် စီစဉ်နေကြောင်း သိရသည်။

ထိုကဲ့သို့လုပ်ဆောင်ရန်ဩဂုတ် ၉ ရက်က နိုင်ငံတော်အကြံပေးအရာရှိချုပ် မူဟာမက်ယူနွတ်စ်နှင့် ပြုလုပ်သည့် ထိပ်တန်းအဆင့်အစည်းအဝေးအတွင်း ဆွေးနွေးခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။ ဘင်္ဂလားဒေ့ရှ်အာဏာပိုင်များသည် အဆိုပါ ကင်မရာများကို ဝယ်ယူရန် ကုမ္ပဏီသုံးခုကို ဆက်သွယ်ဆောင်ရွက်ခဲ့ပြီး ဖြစ်ကြောင်း ယူနွတ်စ်က ပြောကြားသည်။ ခန္ဓာကိုယ်တပ် ကင်မရာများကို ဝယ်ယူရေးလုပ်ငန်းစဉ်မှာ နောက်ဆုံးအဆင့်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း အကြံပေးအရာရှိချုပ်၏ အထူးလက်ထောက်ဖြစ်သူ ဖိုက်ဇ်တာယက်ဗ်အာမက်က ပြောကြားသည်။

အကြံပေးအရာရှိချုပ် ယူနွတ်စ်က လိုအပ်သောပစ္စည်းများကို အလျင်အမြန်ဝယ်ယူရန်နှင့် ထောင်နှင့်ချီသော ရဲတပ်ဖွဲ့ဝင်များကို လေ့ကျင့်သင်ကြားပေးရန် တာဝန်ရှိသူများကို ညွှန်ကြားထားကြောင်း၊ ယမန်နှစ်က ဝန်ကြီးချုပ် ရှိတ်ချ်ဟာစီနာကို ဖြုတ်ချပြီးနောက်ပိုင်း ပထမဆုံးအကြိမ် အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေးအတွက် ရွေးကောက်ပွဲကော်မရှင်ကိုလည်း ညွှန်ကြားထားပြီးဖြစ်ကြောင်း ပြောကြားထားသည်။

ဆင်ဟွာ

## တက်စ်လာ၏ ဒုတိယမြောက်ကားအရောင်းပြခန်းကို အိန္ဒိယနိုင်ငံ၌ ထပ်မံဖွင့်လှစ်

နယူးဒေလီ ဩဂုတ် ၁၁

**အမေရိကန် မော်တော်ယာဉ်နှင့် သန့်ရှင်းသော စွမ်းအင်ကုမ္ပဏီဖြစ်သည့် တက်စ်လာသည် ၎င်း၏ ဒုတိယမြောက်အရောင်းပြခန်းကို အိန္ဒိယနိုင်ငံတွင် ဩဂုတ် ၁၁ ရက်က ဖွင့်လှစ်ခဲ့သည်။**

အဆိုပါ အရောင်းပြခန်းကို အိန္ဒိယနိုင်ငံ မြို့တော်နယူးဒေလီ အေရိုစီးတီးရှိ ဝေါ်လ်ဒ်မာ့ခ် ၃ တွင် ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

အေရိုစီးတီးတည်နေရာသည် အိန္ဒိယနိုင်ငံ မြို့တော် နယူးဒေလီရှိ ၎င်းကုမ္ပဏီ၏ ပထမဆုံး ကားအရောင်းပြခန်းနေရာဖြစ်ပြီး အိန္ဒိယတစ်နိုင်ငံလုံး၏ ဒုတိယနေရာဖြစ်ကြောင်း ကုမ္ပဏီတာဝန်ရှိသူတစ်ဦးက ပြောသည်။

တက်စ်လာသည် လွန်ခဲ့သောလက အိန္ဒိယနိုင်ငံ၏ အီးဗွီကားဈေးကွက်ထဲသို့ စတင်ဝင်ရောက်လာခဲ့သည်။ တက်စ်လာ၏ ပထမဆုံးအရောင်းပြခန်းကို အိန္ဒိယနိုင်ငံ စီးပွားရေးမြို့တော် မွမ်ဘိုင်းရှိ ဘန်ဒရာကာလာ အဆောက်အအုံရှိ မက်ကာစီတီကုန်တိုက်တွင် ဖွင့်လှစ်ခဲ့သည်။

တက်စ်လာသည် ၎င်း၏အမြန်အားသွင်းသည့်ကွန်ရက်စနစ်ကို မြို့တော်နယူးဒေလီအနီးဝန်းကျင်ဒေသ၊ မွမ်ဘိုင်းနှင့် ဘန်ဂလောတို့တွင် တိုးချဲ့လုပ်ကိုင်သွားရန် စီစဉ်ထားပြီး အီးဗွီကားများကို စက်တင်ဘာလမတိုင်မီ စတင်ဖြန့်ချိရောင်းချသွားမည်ဖြစ်ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

တက်စ်လာသည် ယခုအချိန်အထိ ၎င်း၏ ကားထုတ်လုပ်ရေးစက်ရုံကို အိန္ဒိယနိုင်ငံတွင် တည်ဆောက်ရန် မဆုံးဖြတ်ရသေးကြောင်း သိရသည်။

လတ်တလောတွင် တက်စ်လာသည် ၎င်း၏ Model Y SUVs ကိုသာ အိန္ဒိယနိုင်ငံတွင် ရောင်းချသွားမည်ဖြစ်ပြီး ရောင်းအားတက်လာပါက တခြားကားအမျိုးအစားများကိုလည်း ဆက်လက်ရောင်းချသွားမည်ဖြစ်သည်။

လွန်ခဲ့သောလက တက်စ်လာသည် ၎င်း၏ အီးဗွီကားဈေးနှုန်းများကို မိတ်ဆက်ဖော်ပြခဲ့သည်။

တက်စ်လာသည် အဓိကအားဖြင့် BMW နှင့် Mercedes–Benz ကဲ့သို့ဂျာမနီဇိမ်ခံကားအမျိုးအစားများနှင့် ဈေးကွက်ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း ကားဈေးကွက်ကျွမ်းကျင်သူများက သုံးသပ်ဖော်ပြထားသည်။

ဆင်ဟွာ



# ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၂၇၄၀၉ ကေအထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**ပွင့်ဖြူ ဩဂုတ် ၁၁**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၂၇၄၀၉ ကေအထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး သတ်မှတ်လျာထား စိုက်ကေပြည့်မီအောင် စိုက်ပျိုးနိုင်ရန် ဆက်လက်ကြိုးပမ်း စိုက်ပျိုးလျက်ရှိကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။



ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် စပါး ၆၉၉၉၉ ကေ စိုက်ပျိုးရန်လျာထားပြီး ဇူလိုင်လမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၂၇၄၀၉ ကေအထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ လျာထားချက် စိုက်ကေပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် ဒေသခံတောင်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ပွင့်ဖြူမြို့နယ်မှာ စပါး ၆၉၉၉၉ ကေ စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့အထိ စပါး ၂၇၄၀၉ ကေ စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ လျာထားချက်ကေ ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်နေပါတယ်။ တောင်သူတွေကိုလည်း စပါးစိုက်ပျိုးတာနဲ့ ပတ်သက်ပြီး အထွက်နှုန်းတွေ ကောင်းမွန်စေဖို့အတွက် မျိုးကောင်းမျိုးသန့်တွေ ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်များ မှန်ကန်စေရေး၊ စိုက်ပျိုးရေ စနစ်တကျသုံးစွဲဖို့နဲ့ ရွှေခရုရောဂါကင်းဝေးစေဖို့ စိုက်ပျိုးရေး အသိပညာပေးတာတွေ ကွင်းဆင်းဆောင်ရွက်ပေးနေပါတယ်" ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆန်စပါး စားရေရိက္ခာ ဖူလုံပိုလျှံစေရန် စပါးစိုက်ပျိုးတောင်သူများကို အထွက်နှုန်းကောင်းသော စပါးမျိုးများ စိုက်ပျိုးနိုင်ရေး၊ စိုက်နည်းစနစ်များ မှန်ကန်စေရေး၊ ပိုးမွှားရောဂါကင်းရှင်းစေရေးအတွက် မြို့နယ်စိုက်ပျိုးစွမ်းအား မြှင့်တင်ရေးကြီးကြပ်မှုကော်မတီ၏ ဦးဆောင်မှုဖြင့် စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနတို့ ပူးပေါင်းပြီး မိုးစပါးလျာထားချက်ကေ ပြည့်မီအောင် ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**လှိုင်ဝင်းလေး (ပွင့်ဖြူမြေ)**

## အခြေခံမော်တာစက်ချုပ်သင်တန်း အမှတ်စဉ် (၂/ ၂၀၂၅) ဖွင့်လှစ်

**ရန်ကုန် ဩဂုတ် ၁၁**

ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၌ အခြေခံမော်တာစက်ချုပ်သင်တန်း အမှတ်စဉ်(၂/၂၀၂၅) ဖွင့်ပွဲကို ဩဂုတ် ၁၁ ရက်က ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း (မြောက်ဒဂုံ) သင်တန်းခန်းမ၌ ကျင်းပသည်။

အဆိုပါသင်တန်းဖွင့်ပွဲအခမ်းအနားတွင် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးရုံးမှ တိုင်းဒေသကြီးဦးစီးမှူး ဦးစိုးနိုင် တက်ရောက်၍ အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းကို အလုပ်သမားဝန်ကြီးဌာန၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲမှ သင်တန်းနည်းပြဆရာ နှစ်ဦးနှင့် ပြင်ပသင်တန်းနည်းပြဆရာ တစ်ဦးတို့က ပို့ချပေးမည်ဖြစ်ပြီး သင်တန်းသား ၄၀ ဖြင့် ဩဂုတ် ၁၁ ရက်မှ ၂၂ ရက်အထိ သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**မြင့်မြင့်ရီ**



# ရွှေတောင်မြို့၌ မြန်မာအီလက်ထရောနစ်မဲပေးစက် ကိုင်တွယ်အသုံးပြုနည်း သင်တန်းဖွင့်

**ရွှေတောင် ဩဂုတ် ၁၁**

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့၌ မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) ကိုင်တွယ်အသုံးပြုနည်း မဲပေးခြင်းဆိုင်ရာ အသိပညာပေး သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ်အားကစားခန်းမ၌ ကျင်းပသည်။



ဦးစွာ အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ (ကိုယ်စား) ဒုတိယ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးရာဇာလင်းက အမှာစကားပြောကြားသည်။ ဆက်လက်၍ မြို့နယ်ရွေးကောက်ပွဲကော်မရှင် ဦးစီးအရာရှိ ဒေါ်သဲစုခိုင်စိုးက အီလက်ထရောနစ် မဲပေးစက်အကြောင်းနှင့်ပတ်သက်၍ ဥပဒေ၊ နည်းဥပဒေများနှင့် လုပ်ငန်းလက်စွဲများ ပြင်ဆင်ထားရှိမှု အခြေအနေများ၊အီလက်ထရောနစ်မဲပေးစက် ဖွဲ့စည်းတည်ဆောက်ပုံများ၊ မဲပေးစက်တပ်ဆင်နေရာချထားခြင်းနှင့် မဲပေးခြင်းဆိုင်ရာကိစ္စရပ်များ၊ မဲပေးစက်မှ မဲရလဒ်များ ထုတ်ယူရေတွက်ပုံအဆင့်ဆင့်များ၊ မဲပေးစက်အသုံးပြုခြင်း၏ အကျိုးကျေးဇူးများနှင့် လုံခြုံစိတ်ချရမှု အခြေအနေများ စသည်တို့ကို ရှင်းလင်းပြောကြားသည်။

**ကိုကိုမင်း(ပြန်/ဆက်)**

# မိုင်းခတ်၌ ပထမခြောက်လပတ်တွင်ဆောင်ရွက်ပြီးစီးခဲ့သည့် ငွေလုံးငွေရင်းလုပ်ငန်းများအား ကွင်းဆင်းစစ်ဆေး

**မိုင်းခတ် ဩဂုတ် ၁၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခတ်မြို့နယ် စည်ပင်သာယာရေးဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပထမခြောက်လပတ်တွင် ဆောင်ရွက်ပြီးစီးခဲ့သည့် ငွေလုံးငွေရင်း လုပ်ငန်းသုံးခုအား တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းက ကွင်းဆင်းကြည့်ရှု စစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင်ရှမ်းပြည်နယ် စည်ပင်သာယာရေးဌာနခွဲကျိုင်းတုံမှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးစိုးသန်းနှင့်အဖွဲ့သည် မိုင်းခတ်မြို့အတွင်းရှိ ခွင့်ပြုငွေကျပ် ၁၉ ဒသမ ၈ သန်းဖြင့် အောင်မိုးဟိန်းလမ်း(မေတ္တာလမ်းဆုံနှင့် အဝိုင်းပတ်အတွင်း) ကွန်ကရစ်ခင်းခြင်းလုပ်ငန်း(၁၇၅ ပေx ၁၈ ပေx ၆လက်မ)၊ ခွင့်ပြုငွေကျပ် ၁၇ ဒသမ ၅ သန်းဖြင့် ဂါလန် ၁၀၀၀၀ ဆန့် ရေစုကန်မှ ရေဖြန့်ဝေပိုက်လိုင်း မွမ်းမံပြင်ဆင်ခြင်းလုပ်ငန်းပေ ၂၂၀၀ နှင့် ခွင့်ပြုငွေကျပ် ၆ ဒသမ ၀၀ သန်းဖြင့် ဂါလန် ၁၀၀၀ ဆန့်ရေစုကန် အကြီးစား မွမ်းမံပြင်ဆင်ခြင်းလုပ်ငန်း(၁၅ပေx ၁၅ပေx ၇ပေx ၆လက်မ)လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးမှု အခြေအနေတို့ကို ကွင်းဆင်းစစ်ဆေးသည်။



**နန်းနွယ်နီ(ပြန်/ဆက်)**

## ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ်မတွေ့ရှိ

**(၁၁-၈-၂၀၂၅) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ (၃-၈-၂၀၂၅) ရက်နေ့၊ ည (၈:၀၀)နာရီမှ (၁၀-၈-၂၀၂၅) ရက်နေ့၊ ည (၈:၀၀)နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၄၄၂)ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် မတွေ့ရှိရပါ။ အစီရင်ခံကာလအတွင်း ပြင်းထန်လူနာ၊ အထူးကြပ်မတ် ကုသမှုပေးရသောလူနာနှင့် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးလူနာ မရှိပါ။

လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွား/သေဆုံးမှုနှင့် စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာအခြေအနေ မရှိသော်လည်း ရောဂါဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို လိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့်

- အသက်အရွယ်ကြီးသူများ (အသက် ၆၀ နှစ်နှင့်အထက်)၊
- ဆီးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါ ရှိသူများ၊
- ကိုယ်ဝန်ဆောင်မိခင်များ (ကိုယ်ဝန်ဆောင်ကာလ ၃ လ နှင့်အထက်)

ကို ဦးစားပေးအစီအစဉ်ဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပေးနေပြီဖြစ်ပါ၍ ကာကွယ်ဆေးထိုးနှံမှု ခံယူကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အသေးစိတ်သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC)

ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ကျန်းမာရေးဝန်ကြီးဌာန

# ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် ဩဂုတ် ၁၁**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"နိုင်ငံတစ်ခုရဲ့ လူသားအရင်းအမြစ်ဆိုတာကို နားမလည်ဘဲ ဆရာ၊ ဆရာမတွေကိုအဓိကထား ခြိမ်းခြောက်သတ်ဖြတ်နေတဲ့တော်လှန်ရေး"** ခေါင်းစဉ်ဖြင့် ဩဂုတ် ၁၃ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးမည် ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"လုံးပါးပါးသွားတော့မယ့် NUG ဦးဆောင်တဲ့ မုဒိမ်းကျင့်၊ လူသတ်၊ ဆက်ကြေးကောက်တဲ့ တော်လှန်ရေး"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး (နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS) ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာ ဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန် သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများ ပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## တာချီလိတ်မြို့၌ ကလေးသူငယ်များအား ကျန်းမာရေးအသိပညာပေး

**တာချီလိတ် ဩဂုတ် ၁၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်၌ ကြက်ခြေနီအသင်းက ကြီးမှူးကျင်းပသည့် ကလေးသူငယ်များအား ကျန်းမာရေးအသိပညာပေးနှင့် ကလေးပျော်စင်တာများ ဆောင်ရွက်ပေးခြင်းကို ယနေ့နံနက်ပိုင်းက ဝိန်းကျောက်ရပ်ကွက်၌ ကျင်းပသည်။



ထိုသို့ကျင်းပရာတွင် တာချီလိတ်မြို့နယ် ကြက်ခြေနီအသင်း ဒုတိယတပ်ဖွဲ့မှူး ဦးစိန်အောင်မင်းက ကလေးသူငယ်များအား သွေးလွန်တုပ်ကွေးရောဂါ တိုက်ဖျက်ရေး၊ ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ကိုဗစ်-၁၉၊ လုံလေးလုံနှင့် သန့်လေးသန့် စသည့်အကြောင်းအရာတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ကြက်ခြေနီအသင်းတပ်ဖွဲ့ဝင်များက ကလေးများနှင့်အတူ သီဆိုကပြခြင်း၊ ဉာဏ်စမ်းကစားနည်း၊ အတူယှဉ်တွဲကစားနည်း စသည့် ကစားနည်းစုံလင်စွာဖြင့် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကျော်ဇေယျာလင်း(ပြန်/ဆက်)**



## ချောက်မြို့နယ် တောင်နောက်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီး

**ချောက် ဩဂုတ် ၁၁**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်၌ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံချက်(VDP)ဖြင့် တောင်နောက်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေကို မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကွင်းဆင်းစစ်ဆေးခဲ့သည်။

အဆိုပါ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ငါးသန်းဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး လမ်းအရှည် ပေ ၄၀၀၊ အကျယ် ၁၂ ပေ၊ ဒု ခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာပြည်သူများက အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ကျော်မိုး(ပြန်/ဆက်)**

## ပဲခူးမြို့နယ်အတွင်း သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်



**ပဲခူး ဩဂုတ် ၁၁**

ပဲခူးမြို့နယ်အတွင်း သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို ယနေ့နံနက်ပိုင်းက ပဲခူးမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ကြသည်။

ထိုသို့ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများသည် အဖွဲ့များခွဲ၍ ပဲခူးမြို့ပေါ်ရှိ မြို့သစ်(ခ) ရပ်ကွက်၊ ပုဏ္ဏားစုရပ်ကွက် အင်းတကော်မြို့နှင့် ပျဉ်ပုံကြီးကျေးရွာများသို့ သွားရောက်ပြီး ပြည်သူများအား ကျန်းမာရေးပညာပေးခြင်း၊ (ဖုံး၊ သွန်၊ လဲ၊ စစ်) လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ရေတွင်းရေကန်များကို အဘိတ်ဆေးခတ်ခြင်း၊ စာသင်ကျောင်းများ၊ နေအိမ်များကို ခြင်ဆေးဖျန်းခြင်းနှင့် ချုံနွယ်များ ရှင်းလင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သက်ထက်**

## တာလေမြို့၌ မြန်မာအီလက်ထရောနစ် မဲပေးစက်ဆင့်ပွားသင်တန်းဖွင့်

**တာလေ ဩဂုတ် ၁၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာလေမြို့၌ မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM) ကိုင်တွယ်အသုံးပြုခြင်းဆိုင်ရာ ဆင့်ပွားသင်တန်းကို ယနေ့နံနက်ပိုင်းက အမှတ်(၃)ရပ်ကွက်အတွင်းရှိ အခြေခံပညာ အထက်တန်းကျောင်း(တာလေ)၌ ဖွင့်လှစ်သင်ကြားပေးသည်။

အဆိုပါသင်တန်းတွင် တာချီလိတ်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ (ခွဲ)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်သူရနှင့် ဝန်ထမ်းများက မြန်မာအီလက်ထရောနစ်မဲပေးစက် တည်ဆောက်ပုံနည်းလမ်းများ၊ စက်တပ်ဆင်ပုံ၊ စမ်းသပ်မဲပေးပုံ အစရှိသည်ဖြင့် အသုံးပြုသည့်နည်းများကို ရှင်းလင်းသရုပ်ပြပြီး တက်ရောက်လာသည့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ဆရာ ဆရာမများ၊ ရပ်ကွက်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများက မြန်မာအီလက်ထရောနစ် မဲပေးစက်ဖြင့် လက်တွေ့ဆောင်ရွက်ခဲ့သည်။

**ရဲထက်ဦး(ပြန်/ဆက်)**

## သရက်မြို့၌ ကျောင်းကျန်းမာရေးစစ်ဆေးခြင်းနှင့် အသိပညာပေးဟောပြော

**သရက် ဩဂုတ် ၁၁**

မကွေးတိုင်းဒေသကြီး သရက်မြို့၌ ကျောင်းကျန်းမာရေးဌာနမှ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းကျန်းမာရေး စစ်ဆေးခြင်းနှင့် အသိပညာပေးဟောပြောခြင်းကို ယနေ့နံနက်ပိုင်းက အခြေခံ ပညာမူလတန်း (ရွှေဘုံသာ) ကျောင်း၌ ကျင်းပခဲ့သည်။

ကျောင်းကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျန်းမာရေးမှူး ဒေါ်ပိုးမြဉ္ဇူ၊ ဒေါ်သဇင်နှင်းနှင့် ဒေါ်အေးအေးဦးတို့က ကျောင်းသား ကျောင်းသူများ ကျန်းမာပျော်ရွှင်စွာ စာသင်ကြား



နိုင်ရေးအတွက် တစ်ကိုယ်ရေသန့်ရှင်းရေး လက်ဆေးခြင်း၊ သွားနှင့် ခံတွင်း ကျန်းမာရေး၊ နည်းစနစ်မှန် သွားတိုက်ခြင်း၊ သန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲရန်နှင့် မိုးတွင်းကာလ ကလေးငယ်များတွင် ဖြစ်ပွားသည့် သွေးလွန်တုပ်ကွေး ရောဂါကာကွယ်နှိမ်နင်းရေး နည်းလမ်းများအကြောင်းကို ဟောပြောပေးခဲ့သည်။

**ဇော်ထက်(သရက်)**

## ထူးချွန်ဆုရ ကျောင်းသားကျောင်းသူများအား ထပ်ဆင့်ဂုဏ်ပြုဆုချီးမြှင့်ပွဲ ကျင်းပ

**တောင်ငူ ဩဂုတ် ၁၁**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ ရွှေဆံတော် မရမ်းကျောင်းတိုက် စာရိတ္တခမ္မကျောင်း၌ ပဋ္ဌမအကြိမ် ကေတုမတီ ဗုဒ္ဓဝင်ပူဇော်ပွဲ၊ ယဉ်ကျေးမှု၊ ယဉ်ကျေးမှုစာမေးပွဲနှင့် တက္ကသိုလ်ဝင်စာမေးပွဲတို့၌ ထူးချွန်ဆုရ ကျောင်းသားကျောင်းသူများအား ထပ်ဆင့်ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားကို ယမန်နေ့မွန်းလွဲပိုင်းက သာသနဝိဟာရီ သုံးထပ်ကျောင်းတော်ကြီး၌ ကျင်းပသည်။

ဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး ရွှေဆံတော် မရမ်းကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ အရှင်တေဇောသာရထံမှ ငါးပါးသီလ ခံယူဆောက်တည်ကာ ရွှေဆံတော် မရမ်းကျောင်းတိုက် ဆရာတော်နှင့် သံဃာတော် အရှင်မြတ်များ၊ တောင်ငူခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဦးယဉ်ဌေး၊ တောင်ငူခရိုင် သာသနာရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးခင်မောင်အေး၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဦးကျော်ဝင်း၊ ဆရာ ဆရာမများနှင့် တာဝန်ရှိသူများက ပဋ္ဌမအကြိမ်မြောက် ကေတုမတီ ဗုဒ္ဓဝင်ပူဇော်ပွဲ၊ ယဉ်ကျေးမှု၊ ယဉ်ကျေးမှုစာမေးပွဲနှင့် တက္ကသိုလ်ဝင်စာမေးပွဲတို့၌ ထူးချွန်ဆုရကျောင်းသား ကျောင်းသူများအား ဆုများ အသီးသီး ပေးအပ်ချီးမြှင့်ခဲ့သည်။

ဇော်ကိုကို(တောင်ငူ)



## နောင်ချိုမြို့နယ်အတွင်းရှိ အခြေခံပညာ ကျောင်းများ၌ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြား

**နေပြည်တော် ဩဂုတ် ၁၁**

ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့၌ အကြမ်းဖက်သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် တစ်နှစ်နီးပါးပိတ်ထားခဲ့ရသည့် အခြေခံပညာကျောင်းများအား ဇူလိုင် ၂၅ ရက်မှစ၍ ပြန်လည်ဖွင့်လှစ်ပြီး ကျောင်းသား ကျောင်းသူများအား စာပေပညာရပ်များကို သင်ကြားပေးလျက်ရှိသည့်အပြင် ကျောင်းအပ် လက်ခံခြင်းကိုလည်း ဆက်လက် ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ကျောင်းနေအရွယ် ကလေးများအား တန်းစဉ်အလိုက် ပညာသင်ကြားနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် အခြေခံပညာကျောင်း ၁၁ ကျောင်း ထပ်မံဖွင့်လှစ်နိုင်ခဲ့သဖြင့် နောင်ချိုမြို့နယ်အတွင်း အခြေခံပညာကျောင်းပေါင်း ၅၃ ကျောင်း ဖွင့်လှစ်နိုင်ခဲ့ပြီး ယနေ့တွင် ကျောင်းသား ကျောင်းသူ ၁၃၁၀ ထပ်မံ၍ ကျောင်းအပ်နှံသဖြင့် စုစုပေါင်း ကျောင်းသား ကျောင်းသူ ၆၈၆၁ ဦး အေးချမ်းပျော်ရွှင်စွာ တက်ရောက် ပညာသင်ကြားလျက်ရှိသည်။

ထို့အပြင် ဒေသခံတိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အဆင်ပြေ ချောမွေ့စေရန်အတွက် အကြမ်းဖက်သမားများ ဖျက်ဆီးခဲ့သည့် နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံကြီးအား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ကာ ဩဂုတ် ၂ ရက်တွင် ပြန်လည်ဖွင့်လှစ်ပေးခဲ့ပြီး ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြည်သူ့ဆေးရုံကြီး၌ ပြင်ပလူနာ ၇၉ ဦးတို့ကို ငှက်ဖျားရောဂါ၊ တုပ်ကွေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဒေသခံတိုင်းရင်းသားပြည်သူ ၉၉ ဦးကို သွေးအမျိုးအစား စစ်ဆေးပေး၍ ငါးဦးကို ငှက်ဖျားပိုးစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးသည်။ ယင်းအပြင် ပြည်သူ့ဆေးရုံကြီး၌ အတွင်းလူနာအဖြစ် ၂၈ ဦး တက်ရောက်ဆေးကုသမှု ခံယူလျက်ရှိရာ ဆေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်



## မင်္ဂလာဒုံမြို့နယ်၌ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အထိမ်းအမှတ် လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲကျင်းပ

**ရန်ကုန် ဩဂုတ် ၁၁**

ဩဂုတ် ၁၂ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အထိမ်းအမှတ်ကို ဂုဏ်ပြုသောအားဖြင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ကျောင်းသားကျောင်းသူများ အသိပညာတိုးပွားလာစေရေးနှင့် စာဖတ်ရှုိန်မြှင့်တင်ရေးအတွက် လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲကို ဩဂုတ် ၉ ရက်က အမှတ်(၄) အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း ပညာရတနာခန်းမ၌ ကျင်းပသည်။

ဦးစွာ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ရွှေဦးက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းထွန်းအောင်က လူငယ်များအနေဖြင့်အတွေးအခေါ်၊ အယူအဆများ မှန်ကန်လာစေရန်နှင့် မြင့်မားလာစေရန် စသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။



ဆက်လက်၍ သပြေညို ပညာဒါန အကျိုးဆောင်အသင်း အတွင်းရေးမှူး ဆရာဦးနေဆန်းက "လူငယ်နှင့် E-စီးကရက် အန္တရာယ်"၊ မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ စာရေးဆရာငွေစိုး (ရွှေကြန့်မြေ)က "လူငယ်များနှင့် ရသခံစားမှုအနုပညာ"၊ မြို့နယ် စာကြည့်တိုက် ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးသီဟဘော်ဖံ က "လူငယ်များနှင့် အင်တာနက်ပေါ်က သတင်းအမှားများ၏ အန္တရာယ်" စသည့်ခေါင်းစဉ်များဖြင့် ဟောပြောသည်။

ထို့နောက် အမှတ်(၄) အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းမှ ပညာ့ဗိမာန် စာကြည့်တိုက်အတွက် မြို့နယ် စာကြည့်တိုက်ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက သုတ၊ ရသ စာအုပ်၊ စာစောင်များ လှူဒါန်းပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးသန့်က လက်ခံရယူခဲ့သည်။

**မင်းသိန်းထွန်း**

## တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၁၁**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၈ ရက်တွင် ကရင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘားအံမြို့နယ် သာယာကုန်းကျေးရွာအနီး၌ မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ခုနစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၃၀၂၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၃၀၂၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဩဂုတ် ၉ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ညောင်ခါးရှည် အမြဲတမ်းစစ်ဆေးရေးစခန်း၌ ကျိုက်ထိုမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းလေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Toyota Hiace Delivery Van နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၅၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တံတားဦးမြို့နယ်၊ ပြင်ဦးလွင်မြို့နယ်နှင့် ကျောက်ဆည်မြို့နယ်တို့၌ တရားမဝင် ကျွန်းသစ် ၄၃ ဒသမ ၄၄၃ တန်၊ အခြားသစ် ၁၃ ဒသမ ၄၁၄ တန်နှင့် အဆိုပါသစ်များတင်ဆောင်လာသည့် မော်တော်ဆိုင်ကယ်တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၈၇၈၈၉၈ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဩဂုတ် ၁၀ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားမဝင် ရွှေသတ္တုတူးဖော်ရာတွင် အသုံးပြုသည့် လည်ချောင်းပိုက် ၇၇ လုံးအပါအဝင် ဆက်စပ်ပစ္စည်း ၃၃ မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၈၃၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး မြန်မာ့သတ္တုတွင်းဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မော်လမြိုင်မြို့ သာယာအေးရပ်ကွက် ဓမ္မစာရီလမ်း လမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့စားသောက်ကုန်ပစ္စည်း ၁၁ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၁၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဩဂုတ် ၁၀ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှုစာရင်းများအရ လိုင်စင်မဲ့မော်တော်ယာဉ် လေးစီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ် ၂၄ စီး ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ် ဩဂုတ် ၈ ရက်၊ ၉ ရက်နှင့် ၁၀ ရက်တို့တွင် ဖမ်းဆီးရမိမှုစုစုပေါင်းမှာ အမှုတွဲ ၂၃ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၆၈၂၈၈၉၈)ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် အသေးစား၊ အငယ်စားနှင့် အလတ်စား ပြည်တွင်းစီးပွားရေးလုပ်ငန်းများမှထုတ်လုပ်သည့် ကုန်ပစ္စည်းများ ဈေးကွက်အတွင်း မျှတစွာယှဉ်ပြိုင်နိုင်မှု မရှိခြင်းနှင့် ဈေးကွက်ပျောက်ဆုံးခြင်းတို့ ဖြစ်ပေါ်စေပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ကြီးမားသည့် ခြိမ်းခြောက်မှုများကို ဖြစ်ပေါ်စေသဖြင့် တရားမဝင်ကုန်သွယ်မှုများအား သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# ဘာစီလိုနာ ယူ-၁၂ အသင်းအပါအဝင် အသင်းစုစုပေါင်း ၄၈ ယှဉ်ပြိုင်မည့် ဂျပန်ဖိတ်ခေါ် ယူ-၁၂ Junior Soccer World Challenge 2025 ပြိုင်ပွဲတွင် မြန်မာလူငယ်အသင်း ဝင်ရောက်ယှဉ်ပြိုင်မည်

**ရန်ကုန် ဩဂုတ် ၁၁**

နာမည်ကြီးကလပ် ဘာစီလိုနာ ယူ-၁၂ အသင်းအပါအဝင် အသင်းစုစုပေါင်း ၄၈ ယှဉ်ပြိုင်မည့်ဂျပန်ဖိတ်ခေါ် ယူ-၁၂ Junior Soccer World Challenge 2025 ပြိုင်ပွဲတွင် မြန်မာယူ - ၁၂ အသင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် လူငယ်ကစားသမားများ နိုင်ငံတကာပြိုင်ပွဲ အတွေ့အကြုံရရှိစေရန် ၂၀၂၃ ခုနှစ်မှစတင်ကာ ယင်းပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိပြီး ယခုနှစ်တွင် တတိယအကြိမ် ယှဉ်ပြိုင်မည်ဖြစ်သည်။ ယခုနှစ်ပြိုင်ပွဲကို ဩဂုတ် ၁၉ ရက်မှ ၂၁ ရက်အထိ ဂျပန်နိုင်ငံ ချီဘားရှိ ဖူကူဒါဒန်ရှီကွင်း၌ ကျင်းပမည်ဖြစ်ပြီး ဥရောပနာမည်ကျော်ကလပ် ဘာစီလိုနာမှ ယူ-၁၂ အသင်းနှင့် ဖိတ်ကြားခံရသော အသင်းများ၊ ဂျပန်အခြေစိုက် အသင်းများအပါအဝင် အသင်းစုစုပေါင်း ၄၈ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။ ပြိုင်ပွဲကို အုပ်စုရှစ်ခုခွဲထားပြီး အုပ်စုတစ်ခုလျှင် အသင်း ငါးသင်း ပါဝင်မည်ဖြစ်သည်။ မြန်မာ ယူ-၁၂ အသင်းသည် အုပ်စု (D)တွင် ဂျပန်ကလပ်လူငယ်အသင်းများဖြစ်သော ဗီဂယ်တာဆန်ဒိုင်းအသင်း၊ တိုကျိုဗာဒီအသင်း၊ အီကိုနိုမီသတ်အသင်း၊ ရှိနန်ဘယ်မယ်အသင်းတို့နှင့် ကျရောက်နေသည်။ ပြိုင်ပွဲအစီအစဉ်အရ မြန်မာ ယူ-၁၂ အသင်းအပါအဝင် ပြိုင်ပွဲဝင်အသင်းများကို ပြိုင်ပွဲအပြီးတွင် ဂျပန်နိုင်ငံ၏အထင်ကရနေရာများသို့ သွားရောက်လေ့လာခြင်း၊ ဂျေလိဂ်ဘောလုံးပြိုင်ပွဲကြည့်ရှုခြင်းတို့အား စီစဉ်ဆောင်ရွက်ပေးမည် ဖြစ်ကြောင်း သိရသည်။



ဂျပန်ဖိတ်ခေါ် ယူ-၁၂ Junior Soccer World Challenge 2025 ပြိုင်ပွဲယှဉ်ပြိုင်မည့် မြန်မာ ယူ-၁၂ အသင်း။

ယင်းပြိုင်ပွဲ ယှဉ်ပြိုင်မည့် မြန်မာ ယူ-၁၂ အသင်းကို တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ရွေးချယ်ထားသည့် ကစားသမားများ၊ အမျိုးသားဘောလုံး အကယ်ဒမီ (ရန်ကုန်)နှင့် မြန်မာဘောလုံး အကယ်ဒမီ(မန္တလေး)တို့မှ ကစားသမား ၁၈ ဦးဖြင့် ဖွဲ့စည်းထားပြီး အသင်းအုပ်ချုပ်သူအဖြစ် ဦးထွန်းအောင်ကျော်၊ အသင်းနည်းပြချုပ်အဖြစ် ဦးတင်မောင်ဝင်းတို့က ဆောင်ရွက်မည်ဖြစ်သည်။

**မောင်ညီ၊ ဓာတ်ပုံ-MFF**

## မောက်မယ်မြို့နယ်၌ စာဖတ်ရှိန် မြှင့်တင်ရေးအသိပညာပေးဟောပြော

**မောက်မယ် ဩဂုတ် ၁၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) မောက်မယ်မြို့နယ် စခွဲဝင်ကျေးရွာအုပ်စု အမက(နောင်ခမ်း)၌ ယနေ့နံနက်က စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေး ဟောပြောပွဲ ကွင်းဆင်းဆောင်ရွက်သည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်နန်းဆိုင်မိုင်က ကျောင်းစာအပြင် ပြင်ပဗဟုသုတရစေမည့် စာအုပ်စာစောင်များကိုပါ လေ့လာဖတ်ရှုကြရန် တိုက်တွန်းဆွေးနွေးပြီး ကျောင်းသား ကျောင်းသူများအား ပလတ်စတစ်အသုံးပြုမှုလျှော့ချရေး၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေးနံရံကပ်စာစောင်နှင့် ဓာတ်ပုံများကို လှည့်လည်ရှင်းလင်းပြသခဲ့သည်။

**စိုင်းမျိုးသန့်(မောက်မယ်)**



◆ *ကျောဖုံးမှ*

ယင်းအသင်းသည် ပြိုင်ပွဲအစတွင် အနည်းငယ်ရုန်းကန်ခဲ့ရသော်လည်း နောက်ပိုင်းတွင် ရလဒ်ကောင်းများ ရယူလာနိုင်သည်။ ခြေစစ်ပွဲအုပ်စုအနေအထားအရ မြန်မာအသင်းသည် အိုမန်၊ အာဖဂန်နစ္စတန်၊ ဆီးရီးယား၊ နီပေါအသင်းတို့နှင့် တစ်အုပ်စုတည်းကျရောက်နေသဖြင့် ခြေစစ်ပွဲအောင်မြင်ရန် အနည်းငယ်ရုန်းကန်ရဖွယ်ရှိနေသည်။ ခြေစစ်ပွဲကို နိုဝင်ဘာ ၂၂ ရက်မှ ၃၀ ရက်အထိ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းပါဝင်သော အုပ်စု (G) ပွဲစဉ်များကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရထားသည်။ အုပ်စုခွဲဝေထားမှုအရ အုပ်စု (A)တွင် တရုတ် (အိမ်ရှင်)၊ ဘင်္ဂလားဒေ့ရှ်၊ ဘာရိန်း၊ ဘရူနိုင်း၊ တီမော၊ သီရိလင်္ကာ၊ အုပ်စု (B) တွင် ယီမင်၊ လာအို၊ ကာဂျစ္စတန် (အိမ်ရှင်)၊ ကမ္ဘောဒီးယား၊ ဂူအမ်၊ ပါကစ္စတန်၊ အုပ်စု (C) တွင် ဗီယက်နမ်(အိမ်ရှင်)၊ မလေးရှား၊ စင်ကာပူ၊ ဟောင်ကောင်၊ မြောက်မာရီယာနာကျွန်းစု၊ မကာအို၊ အုပ်စု(D)တွင် အီရန်၊ အိန္ဒိယ(အိမ်ရှင်)၊ ပါလက်စတိုင်း၊ တရုတ်(တိုင်ပေ)၊ လက်ဘနွန်၊ အုပ်စု(E)တွင် ဩစတြေးလျ၊ အီရတ်၊ ဖိလစ်ပိုင်၊ ဂျော်ဒန် (အိမ်ရှင်)၊ ဘူတန်၊ အုပ်စု(F)တွင် ထိုင်း (အိမ်ရှင်)၊ ကူဝိတ်၊ တာ့ခ်မင်နစ္စတန်၊ မွန်ဂိုလီးယား၊ မော်လ်ဒိုက်၊ အုပ်စု(G)တွင် အိုမန်၊ အာဖဂန်နစ္စတန်၊ မြန်မာ (အိမ်ရှင်)၊ ဆီးရီးယား၊ နီပေါအသင်းတို့ ပါဝင်နေသည်။

ခြေစစ်ပွဲတွင် အသင်းစုစုပေါင်း ၃၈ သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ခြောက်သင်းသုံးအုပ်စုနှင့် ငါးသင်း လေးအုပ်စုခွဲ၍ ကျင်းပမည်ဖြစ်သည်။ အာရှဘောလုံးအဖွဲ့ချုပ်သည် နောက်ဆုံးအဆင့်တွင် အိမ်ရှင် ဆော်ဒီအာရေဗျအပါအဝင် လက်ရှိချန်ပီယံ ဥဇဘက်ကစ္စတန်၊ တောင်ကိုရီးယား၊ မြောက်ကိုရီးယား၊ ဂျပန်၊ တာဂျစ်ကစ္စတန်၊ ယူအေအီး၊ အင်ဒိုနီးရှားနှင့် ကာတာအသင်း စုစုပေါင်း ကိုးသင်းကို ခြေစစ်ပွဲကန်စရာမလိုဘဲ တိုက်ရိုက်ကစားခွင့်ပြုထားသဖြင့် ခြေစစ်ပွဲအဆင့်မှ ခုနစ်သင်းသာ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။

ခြေစစ်ပွဲကို အုပ်စုခုနစ်ခုခွဲ၍ ကျင်းပမည်ဖြစ်သောကြောင့် အုပ်စုတစ်ခုစီမှ ထိပ်ဆုံးရပ်တည်မှုရ တစ်သင်းစီသာ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။

**သော်လေး**

**ဓာတ်ပုံ-MNL**

❖ *ကျောဖုံးမှ*

တစ်ဖက်နှစ်ဂိုးစီ သရေကျနေခဲ့သည်။ ပယ်နယ်တီအဆုံးအဖြတ်တွင် ခရစ္စတယ်ပဲလေ့စ်အသင်း ဂိုးသမား ဒိန်းဟန်ဒါဆင် အထူးလက်စွမ်းပြသနိုင်ခဲ့ပြီး လီဗာပူးအသင်း ကစားသမားများ၏ ပယ်နယ်တီများကို ကာကွယ်နိုင်ခဲ့သည်။

ခရစ္စတယ်ပဲလေ့စ်အသင်းသည် လီဗာပူးအသင်း၏ ဖိအားပေးမှုအောက် ခက်ခက်ခဲခဲ ရုန်းကန်ခဲ့ရသော်လည်း လီဗာပူးအသင်းထက် ဂိုးရရှိနိုင်သည့်အခွင့်အရေး ပိုမိုဖန်တီးနိုင်ကာ သမိုင်းဝင်နိုင်ပွဲတစ်ရပ်ကို ဖော်ဆောင်နိုင်ခဲ့သည်။ ခရစ္စတယ်ပဲလေ့စ်အသင်းသည် လီဗာပူးကဲ့သို့ အသင်းကြီးကို ပွဲချိန်တစ်လျှောက် အကောင်းဆုံးတုံ့ပြန် ကစားနိုင်ခဲ့ပြီး တန်ပြန်တိုက်စစ်များမှ ရရှိလာသည့် အခွင့်အရေးများကိုလည်း အမိအရ အသုံးချနိုင်ခဲ့သည်။

လီဗာပူးအသင်းသည် တိုက်စစ်ပိုင်း ထက်မြက်မှုရှိခဲ့သော်လည်း ဗန်ဒိုက်ဦးဆောင်သည့် ခံစစ်ပိုင်းက အမှားများပြီး ပြိုင်ဘက်အသင်း၏ တိုက်စစ်ကို ထိထိရောက်ရောက် တားဆီးနိုင်ခြင်း မရှိခဲ့ပေ။ ပရီမီယာလိဂ်အဖွင့်ပွဲစဉ်အဖြစ် ဩဂုတ် ၁၇ ရက်တွင် ခရစ္စတယ်ပဲလေ့စ်အသင်းက ချယ်ဆီးအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး လီဗာပူးအသင်းက ဩဂုတ် ၁၆ ရက်တွင် ဘုန်းမောက်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**အောင်ဇော်**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၁၁ - ၈ - ၂၀၂၅)

| | |
|---|---|
| ပေါင်မြို့ | ၄ ဒသမ ၄၁ လက်မ |
| ရန်ကုန်(ဗိုလ်တထောင်မြို့နယ်) | ၃ ဒသမ ၁၁ လက်မ |
| မော်လမြိုင်ကျွန်းမြို့ | ၂ ဒသမ ၇၆ လက်မ |
| ကျိုက္ခမီမြို့ | ၂ ဒသမ ၆၈ လက်မ |
| လှည်းကူးမြို့ | ၂ ဒသမ ၄၄ လက်မ |
| ဟိုင်းကြီးကျွန်းမြို့ | ၁ ဒသမ ၉၆ လက်မ |
| မြစ်ကြီးနားမြို့ | ၁ ဒသမ ၉၆ လက်မ |
| သရက်မြို့ | ၁ ဒသမ ၄၆ လက်မ |
| ပူတာအိုမြို့ | ၁ ဒသမ ၄၂ လက်မ |
| ပန်းတနော်မြို့ | ၁ ဒသမ ၃၅ လက်မ |
| မြောင်းမြမြို့ | ၁ ဒသမ ၂၆ လက်မ |

မိုး/ဇလ

❑ *ကျောဖုံးမှ*

အောက်ချင်းလေးက ဂျပန်ဖိုက်တာ အီရှီအီတို့နှင့် ထိုးသတ်ရမည်ဖြစ်သည်။ သန့်ဇင်သည် ONE နှင့် လေးပွဲထိုးသတ်ရာ နှစ်ပွဲနိုင်၊ နှစ်ပွဲရှုံးနိမ့်ထားပြီး နောက်ဆုံးနှစ်ပွဲဆက်တိုက် ရှုံးနိမ့်ထားမှုကို အဆုံးသတ်နိုင်ရန် ကြိုးပမ်းရမည်ဖြစ်သည်။ သန့်ဇင်နှင့် ကင်ဆန်လက်ခ်တွဲဆိုင်းကို Co-Main Event အဖြစ် ကျင်းပမည်ဖြစ်သည်။ စိုးနောင်ဦးနှင့် အောက်ချင်းလေးမှာမူ ONE နှင့် ပထမဆုံးပွဲ ထိုးသတ်ရခြင်းဖြစ်သည်။

သန့်ဇင်နှင့် ကင်ဆန်လက်ခ်ပွဲကို ယခင်က ဩဂုတ် ၈ ရက်တွင် ကျင်းပရန် စီစဉ်ထားသော်လည်း ကင်ဆန်လက်ခ်၏ ကျန်းမာရေးအခြေအနေကြောင့် တစ်ပတ်နောက်ဆုတ်ခဲ့ခြင်းဖြစ်သည်။

**ညီမြတ်သော်တာ၊ ဓာတ်ပုံ-ONE**

## လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်

**နေပြည်တော် ဩဂုတ် ၁၁**

ယနေ့ မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက် အလယ်ပိုင်းတို့၌ ဩဂုတ် ၃ ရက်တွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇ လ

၁၁ - ၈ - ၂၀၂၅ ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ဘီလီယံ- စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး |
|---|---|---|---|---|
| FMI | ၇၀၀၀ | ၇၀၀၀ | ၆၆ | ၄၆၂၀၀၀ |
| MTSH | ၃၁၅၀ | ၃၁၀၀ | ၄၁၀၀ | ၁၂၇၁၆၅၀၀ |
| MCB | ၇၇၀၀ | ၇၇၀၀ | ၁၅ | ၁၁၅၅၀၀ |
| FPB | ၁၉၅၀ | ၁၉၅၀ | ၁၉၀ | ၃၇၀၅၀၀ |
| TMH | ၂၆၀၀ | ၂၆၅၀ | ၂၇၂ | ၇၂၀၃၀၀ |
| EFR | ၁၆၀၀ | ၁၆၅၀ | ၁၁၁၀ | ၁၈၀၆၀၀၀ |
| AMATA | ၃၄၅၀ | ၃၄၀၀ | ၁၉၅ | ၅၁၀၉၅၀ |
| MAEX | ၃၂၀၀ | ၃၂၀၀ | ၁၅၂ | ၄၈၈၉၀၀ |



မိုင်းပျဉ်းမြို့၌ ဘုန်းတော်ကြီးသင်ပညာရေး ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID (Biometric) ပြုလုပ်ပေးခြင်းကို ထေရဝါဒဗုဒ္ဓသာသနာပြု ဘုန်းတော်ကြီးသင်ပညာရေး ကျောင်း၌ တက်ရောက်လျက်ရှိသော ကျောင်းသား ကျောင်းသူ ၂၃ ဦးအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ( Biometric ) ကောက်ယူ၍ UID ထုတ်ပေးခြင်းကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မိုင်းပျဉ်းမြို့နယ် ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးမောင်မောင်ကျော်နှင့် ဝန်ထမ်းများ ဩဂုတ် ၁၁ ရက်တွင် သွားရောက်ကွင်းဆင်း ဆောင်ရွက်ပေးစဉ်။ နန်းသန္တာဦး(ပြန်/ဆက်)

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဩဂုတ် ၁၁**
ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ **မိုး/ဇလ**



## ခေါင်လန်ဖူးမြို့၌ ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှုဟောပြော

**ခေါင်လန်ဖူး ဩဂုတ် ၁၁**
ခေါင်လန်ဖူးမြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်းမှုဖြင့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှုနှင့် ကျန်းမာရေးအသိပညာပေး ဟောပြောပွဲကို ယနေ့နံနက်ပိုင်းက ခေါင်လန်ဖူးမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ဟောပြောပွဲတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာကျော်စွာရှိန်းက အမှာစကားပြောကြားပြီး ဆရာမ ဒေါ်ဆိုင်းနူးမိုင်က ကလေးများ သွားကျန်းမာရေးနှင့် ပတ်သက်၍ သွားတိုက်နည်းများကို လက်တွေ့သရုပ်ပြသ သင်ကြားပေးသည်။

ဆက်လက်၍ မြို့နယ်ကျန်းမာရေးဦးစီးမှူးနှင့် အဖွဲ့သည် ဆေးရွက်ကြီးနှင့် ဆေးလိပ်အန္တရာယ်၊ မကူးစက်နိုင်သော (သွေးတိုး၊ ဆီးချို၊ နှလုံး)ရောဂါ၊ ငှက်ဖျားရောဂါ၊ သွေးလွန်တုပ်ကွေး၊ သန်ကောင်နှင့် မျိုးဆက်ပွားကျန်းမာရေး စသည်တို့ကို အသိပညာပေးဟောပြောသည်။ ထို့နောက် ကျောင်းသား ကျောင်းသူများနှင့်အတူ လက်ဆေးနည်း သရုပ်ပြသခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**

## ဖျာပုံမြို့နယ်၌ မိုးစပါး ရေတော်မိုးတော် ထွန်တုံးပိတ်ပွဲကျင်းပ

**ဖျာပုံ ဩဂုတ် ၁၁**
ဖျာပုံမြို့နယ်၌ ၂၀၂၅-၂၀၂၆ မိုးစပါး ရေတော်မိုးတော် ထွန်တုံးပိတ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကိုးအိမ်တန်းကျေးရွာအုပ်စု နောင်တော်ကြီးကျေးရွာ တောင်သူ ဦးဇော်လှိုင်ထွန်း၏ ကွင်းအမှတ် (၄၉၉-A) ဦးပိုင်အမှတ်(၁/၁) လယ်မြေကေ ၅၀ ၌ ကျင်းပသည်။

အဆိုပါ မိုးစပါးထွန်ထုံးပိတ်ပွဲ ကျင်းပရာသို့ ဖျာပုံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယခရိုင် အုပ်ချုပ်ရေးမှူး ဦးသက်ဇော်ဦး၊ ဖျာပုံခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်နှင့် ခရိုင်/မြို့နယ် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ကြီးကြပ်မှုကော်မတီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ပြီး မိုးစပါး ရေတော်မိုးတော် ထွန်ထုံးပိတ် စိုက်ပျိုးနေမှုတို့ကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။



**အောင်ဝင်းနိုင်(ပြန်/ဆက်)**

## ဓနုဖြူမြို့နယ်၌ ရိတ်သိမ်းခြွေလှေ့စက်မောင်းနှင်ထိန်းသိမ်းမှု(အခြေခံ)သင်တန်းဖွင့်

**ဓနုဖြူ ဩဂုတ် ၁၁**
ဓနုဖြူမြို့နယ်၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာဦးစီးဌာနမှ အမှတ်စဉ် (၁/၂၀၂၅) ရိတ်သိမ်းခြွေလှေ့စက် မောင်းနှင်ထိန်းသိမ်းမှု(အခြေခံ)သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အမှတ်(၃၃) စက်မှုလယ်ယာစခန်း၌ ပြုလုပ်သည်။



အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မိုးလွင်က အမှာစကားပြောကြားပြီး ခရိုင်စက်မှု လယ်ယာဦးစီးဌာန ဦးစီးဌာနမှူး ဦးသန်းဇော်ဦးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များ၊ သင်တန်းဆိုင်ရာ ကိစ္စရပ်များအား ရှင်းလင်းပြောကြားသည်။ အခမ်းအနားသို့ ခရိုင်စက်မှုလယ်ယာဦးစီးမှူး၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စက်မှုလယ်ယာဦးစီးမှူး ဦးအေးထွန်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးချစ်ဝင်းနိုင်၊ မြို့နယ်စက်မှုလယ်ယာဦးစီးဌာန အမှတ် (၃၃) စက်မှုလယ်ယာစခန်းမှ နည်းပြဆရာများ၊ သင်တန်းသားများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ တက်ရောက်ပြီး အဆိုပါသင်တန်းကို ဩဂုတ် ၁၁ ရက်မှ ၂၂ ရက်အထိ ၁၀ ရက်ကြာ သင်ကြားပို့ချပေးသွားမည်ဖြစ်ပြီး သင်တန်းသား ၂၅ ဦး တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

**အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)**



မန္တလေးတိုင်းဒေသကြီးအတွင်းရှိ တပ်ဖွဲ့ဝင်အင်အား ၂၀ ဖြင့် မြို့ပြရှာဖွေကယ်ဆယ်ရေး (Light USAR Team) ဖွဲ့စည်းနိုင်ရေး ကြိုတင်ပြင်ဆင်လေ့ကျင့်မှုသင်တန်းဖွင့်ပွဲကို ဩဂုတ် ၁၁ ရက်က ခရိုင်မီးသတ်ဦးစီးမှူးရုံး၌ကျင်းပရာ တိုင်းဒေသကြီးမီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်းက သင်တန်းဖွင့်အမှာစကားပြောကြားစဉ်။ မောင်ကျော်ကြီး

## ကလေးဝမြို့၌ သောက်ရေသန့်စက်ရုံများအား ကွင်းဆင်းစစ်ဆေး

**ကလေးဝ ဩဂုတ် ၁၁**
စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့၌ သောက်ရေသန့်ထုတ်စက်ရုံများအား ယနေ့နံနက်က ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ခိုင်ဝင်းနှင့် ပူးပေါင်းအဖွဲ့က MARS ရေသန့်စက်၊ ဖူးဖူးဝေရေသန့်စက်နှင့် ထိန်းထိန်းဝင်းရေသန့်စက်များ၌ သောက်ရေသန့်ထုတ်လုပ်ရာတွင် ကျန်းမာရေးနှင့်ညီညွတ်မှု၊ သန့်ရှင်းသပ်ရပ်မှု၊ အစားအသောက်ထုတ်လုပ်မှုထောက်ခံချက်နှင့် လိုင်စင်သက်တမ်းတိုးလျှောက်ထားမှုတို့ကို စစ်ဆေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



- အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
- အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

## တောင်ဥက္ကလာပမြို့နယ်၌ ပန်းခင်းစီမံချက်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ် မရှိသူများအား ကွင်းဆင်းဆောင်ရွက်

**ရန်ကုန် ဩဂုတ် ၁၁**
တောင်ဥက္ကလာပမြို့နယ်အတွင်းရှိ ရပ်ကွက်များ၌ ယမန်နေ့က မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူး ဦးညီညီ ဦးဆောင်သည့်အဖွဲ့က မြို့နယ်အတွင်းနေထိုင်ကြသော အသက် ၁၇ နှစ်နှင့်အထက် နိုင်ငံသားစိစစ်ရေးကတ်မရှိသူများအား ပန်းခင်းစီမံချက်(၃)ဖြင့် မြေပြင်ကွင်းဆင်း ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် တောင်ဥက္ကလာပမြို့နယ်ရှိ ၁၄ ရပ်ကွက်အတွင်း နေထိုင်ကြသော အသက် ၁၇ နှစ်နှင့်အထက် နိုင်ငံသားစိစစ်ရေးကတ် မရှိသူများအား ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ရပ်မိရပ်ဖများက လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သက်မင်းဟန်(ပြန်/ဆက်)**

# နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးမည်

**နေပြည်တော် ဩဂုတ် ၁၁**


ယနေ့ ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းလာနိုင်ခြင်းကြောင့် လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်တွင် လေထုမငြိမ်မသက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်းကြောင့် လည်းကောင်း ၁၃-၈-၂၀၂၅ ရက်နေ့မှ ၁၇-၈-၂၀၂၅ ရက်နေ့အတွင်း မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကယားပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးမည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၁ ပေခန့် ရှိနိုင်သည်။

**အကြံပြုချက်**


သို့ဖြစ်ပါ၍ မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြု ရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**


မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WFR မော်ဒယ်လ်၏ ၁၁-၈-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ အချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၁၃-၈-၂၀၂၅ ရက်နေ့မှ ၁၄-၈-၂၀၂၅ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ




မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WFR မော်ဒယ်လ်၏ ၁၁-၈-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ အချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၁၅-၈-၂၀၂၅ ရက်နေ့မှ ၁၆-၈-၂၀၂၅ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ




မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WFR မော်ဒယ်လ်၏ ၁၁-၈-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ အချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၁၇-၈-၂၀၂၅ ရက်နေ့အတွက် မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ




# MNL ယူ-၂၁ လိဂ်ပြိုင်ပွဲတွင် ရန်ကုန်ယူနိုက်တက်နှင့် ရတနာပုံအသင်း နှစ်ဂိုးစီသရေကျ

**ရန်ကုန် ဩဂုတ် ၁၁**

၂၀၂၅ ရာသီ MNL ယူ-၂၁ လူငယ်လိဂ်ပြိုင်ပွဲ ပွဲစဉ် (၁၅) ပထမနေ့ကို YUSC ကွင်း၌ကျင်းပရာ ရန်ကုန်ယူနိုက်တက်အသင်းနှင့် ရတနာပုံအသင်း နှစ်ဂိုးစီ သရေကျခဲ့သည်။

ပွဲစဉ် (၁၄) အပြီး အဆင့် ၁၀ နေရာရောက်နေသည့် ရတနာပုံအသင်းက ဒုတိယနေရာမှ ချန်ပီယံ မျှော်လင့်ချက်ရှိနေသည့် ရန်ကုန်ယူနိုက်တက်အသင်းကို သရေကစားသွားသည့်ပွဲဖြစ်သည်။ ရတနာပုံအသင်းသည် နှစ်ကြိမ်တိုင်ဦးဆောင်ပြီးမှ သရေကျခဲ့ခြင်းဖြစ်ပြီး ရန်ကုန်ယူနိုက်တက်အသင်းအတွက် နှစ်နာသောပွဲဖြစ်ခဲ့သည်။ ပွဲအစ နှစ်မိနစ်တွင် ရန်ကုန်ယူနိုက်တက်အသင်းမှ ညီထက်အောင် ကိုယ့်ဂိုးကိုယ် သွင်းမိခဲ့သဖြင့် ရတနာပုံအသင်း ဦးဆောင်ဂိုးရခဲ့ပြီး ၁၅ မိနစ်တွင် မောင်တော့ပ်က ရန်ကုန်အသင်းအတွက် ချေပဂိုးပြန်သွင်းခဲ့သည်။ ၄၅ မိနစ်တွင် သော်ဝဏ္ဏဇံက ရတနာပုံအသင်းအတွက် ဒုတိယဂိုးထပ်သွင်းသော်လည်း မိနစ် ၅၀ တွင် လမင်းပြည့်စုံက ရန်ကုန်ယူနိုက်တက်အသင်းအတွက် ချေပဂိုးပြန်သွင်းခဲ့သဖြင့် နှစ်ဂိုးစီသရေကျခဲ့သည်။ ၁၅ ပွဲစီကစားအပြီးတွင် ရန်ကုန်ယူနိုက်တက်အသင်းက ၃၁ မှတ်၊ ရတနာပုံအသင်းက ၁၈ မှတ် ရရှိထားသည်။

ပွဲစဉ် (၁၅) ဒုတိယနေ့ကို ဩဂုတ် ၁၂ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ပဒုမ္မာကွင်း၌ ရာမညယူနိုက်တက်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်း၊ ဗဟန်းမြက်ခင်းတုကွင်း၌ မဟာယူနိုက်တက်အသင်းနှင့် Junior Lions အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**အလင်းအိမ်**


## စက်မှုစီးပွား ဂရန်မြေကွက် အရောင်း

- ဂရန်မြေ ၂၇ ဧကကျော်၊ လယ်ယာမြေ ၁၀၀ ဧကခန့်၊ စုစုပေါင်း ၁၂၇ ဧကခန့်ရှိပါသည်။
- ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ် ၊ ကံဘဲ့စံပြကျေးရွာ ကားလမ်းမဘေးနှင့် တွံတေးတူးမြောင်းကြား၊ ဆိပ်ကမ်းရှိပြီး၊ ကမ်းပေါက်-လမ်းပေါက်၊ နေရာကောင်းဖြစ်ပါသည်။

(ရန်ကုန်-ဒလ တံတားသစ်ကြီးမှ မိနစ် ၃၀-၄၀ အတွင်း ရောက်ရှိနိုင်၊ 5 MGW Substation ခွဲရုံရှိ၍ လျှပ်စစ်ရောက်ရှိပြီး ၊ ကွန်ကရစ်လမ်းများနှင့် ဆိပ်ကမ်းတည်ဆောက်ထားပြီးဖြစ်ပါသည်။)

- ဂရန်မြေ တစ်ဧက - ၁၅,၀၀၀ သိန်း၊
- လယ်မြေ - ညှိနှိုင်းဈေး၊
- အားလုံးယူပါက ဈေးညှိနှိုင်းပေးမည်။

**ဆက်သွယ်ရန် -**

**ဖုန်း ၀၉-၇၈၉၃၆၂၈၄၆၊ ၀၉-၇၈၉၇၂၆၁၂၆**


## မော်တော်ယာဉ်မောင်းနှင်ရာတွင် မိမိရှေ့ကယာဉ်ကို လုံးဝကျော်တက်ခြင်း မပြုရသည့်နေရာများ(နည်းဥပဒေ ၂၉၁)

မော်တော်ယာဉ်မောင်းနှင်သူသည် အောက်ပါနေရာများ၊ အချိန်အခါနှင့် အခြေအနေများတွင် မိမိရှေ့က မော်တော်ယာဉ်ကို လုံးဝကျော်တက်ခြင်းမပြုရ-

(က) ခြေကျင်လျှောက်သူများဖြတ်ကူးရန် ခွင့်ပြုထားသောနေရာ၊

( ခ) လမ်းဆုံလမ်းခွ၊

( ဂ) လမ်းထောင့်နှင့်လမ်းကွေ့၊

(ဃ) ကုန်းအတက်နှင့် ကုန်းထိပ်၊

( င) တံတားအဝင်ဝနှင့် တံတားအပေါ်၊

( စ) လမ်းကျဉ်းအတွင်း၊

(ဆ) ဥမင်လိုဏ်ခေါင်းအတွင်း၊

( ဇ) လမ်းအလယ်တွင် မျဉ်းဖြူ မျဉ်းဝါနှစ်ကြောင်းရှိသော လမ်းတစ်လျှောက်၊

( ဈ) တစ်ဆက်တည်းမျဉ်းကြောင်းသတ်မှတ်ထားသော ယာဉ်ကြောအတွင်း၊

(ည) တံခါးရှိနှင့် တံခါးမဲ့ရထားလမ်းကူးနေရာ၊

( ဋ) မြင်ကွင်းမရှင်းလင်း၍ အန္တရာယ်ကင်းစွာ ကျော်တက်ရန် စိတ်မချရသော အချိန်အခါ၊

( ဌ) "လမ်းမပိတ်ရ" အဝါရောင်မျဉ်းကွက်(Yellow Box) နေရာ၊

( ဍ) ကျော်တက်လျှင်ရှေ့ သို့မဟုတ် မျက်နှာချင်းဆိုင်မှ မောင်းနှင်နေရသည့် မော်တော်ယာဉ်များက ရှောင်တိမ်းပေးရခြင်း၊ အမြန်နှုန်းလျှော့ပေးရခြင်းဖြင့် အနှောင့်အယှက်ဖြစ်စေနိုင်သည့် အခြေအနေ။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**


## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်သင်းသင်းမြတ် ၁၃/ကလန(နိုင်)၀၇၄၀၁၃ သည် ဒေါ်စုစုနိုင် ၁၂/သဃက(နိုင်)၁၆၄၀၅၈ ထံမှ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ကောလိယလမ်း၊ အမှတ် ၂၆၅၊ (၈)ထပ်အဆောက်အအုံမှ တတိယထပ် ၄လွှာ(ခေါင်းရင်းဘက်ခြမ်း)၊ (၁၇x၅၄)ပေအကျယ်၊ အမြင့် ၁၀ ပေ၊ တိုက်ခန်းနှင့်ပတ်သက်၍ ၁၁-၈-၂၀၂၅ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၏စာမျက်နှာ(၂၄)တွင် ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခဲ့ရာ အဆိုပါကြေညာချက်အား နှစ်ဦးသဘောတူညီချက်အရ ဖျက်သိမ်းပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဒေါ်သက်သက်မွန် ဦးသုထက်ကျော်လွင်
တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေ
(စဉ်-၁၀၆၀၅/၂၀၁၅) (စဉ်-၄၉၅၀၂/၂၀၁၈)

တိုက်(၄)၊အခန်း(၃၁)၊ ပထမထပ်၊ မြို့ပြအိမ်ရာ(တောင်ဘက်ခြမ်း)၊ (၈)မိုင်မီးပွိုင့်အနီး(၆)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ဖုန်း-၀၉-၇၉၅၅၃၄၇၅၃၊ ၀၉-၇၅၀၃၉၈၄၀၆


## လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ

➢ လူရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ပန်ကာများကို ဆက်တိုက်ဖွင့်ထားခြင်းက မီတာခပိုကျစေပါ၍ အသုံးလိုမှ ဖွင့်ပါ။

➢ ညအချိန် အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်။


## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၀ယ/၃၉၀၄၃ ယာဉ်လက်ဝယ်ရှိသူ ဦးမင်းနိုင် ၁၀/ကမရ(နိုင်) ၂၀၉၉၃၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၆ယ/၉၉၆၂၃ ယာဉ်လက်ဝယ်ရှိသူ ဦးမောင်မြင့် ၁၀/မလမ(နိုင်) ၁၄၆၀၆၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 70W/06671, Honda Wave 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးကောင်းထက်စံ ၁၄/သပန(နိုင်)၁၃၁၇၉၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 18U/8792, Dongben DB 250 ZH, TriCycle (3 x1)Trcuk Body ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်သိန်း ၇/ပခန(နိုင်) ၂၇၂၉၁၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း)သန်လျင်မြို့**

## ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 80W/97832, Honda Wave-100,M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်လွင် ၁၄/ပတန(နိုင်)၁၁၈၁၃၅က ဖောင်းကြွနံပါတ်ပြားပျောက် လာရောက်လျှောက်ထားလာခြင်းဖြစ်ပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ဖောင်းကြွနံပါတ်ပြားဟောင်းသည် အလိုအလျှောက် ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မအူပင်) မအူပင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 68W/33588, Wanqiang 125 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြရွှေ ၉/မတရ(နိုင်) ၁၃၁၄၈၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အ ထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## မြေပိုင်ရှင်များသိရှိနိုင်ရန် ကြေညာခြင်း

ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ စူးစမ်းလေ့လာရေးဌာနခွဲ၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)(၃)ရုံး အခြေစိုက်ဖွင့်လှစ်ထားသော မုံရွာမြို့၊ အလုံ(မင်းဒေါင့်)ရပ်ကွက်၊ အလုံတောင်ကွင်း၊ ကွင်းအမှတ် (၃၂၇)တွင်ပါဝင်သော မြေကွက်(၈၆)ကွက်အား ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှစ၍ နိုင်ငံပိုင်သတင်းစာများတွင် နှစ်စဉ်ကြော်ငြာ ထည့်သွင်းပြီး လျော်ကြေးငွေများ ပေးအပ်လျက်ရှိရာ ယနေ့အထိ မြေကွက်(၈၁)ကွက်အား လျော်ကြေးငွေ ပေးချေခဲ့ပြီးဖြစ်ပါသည်။ ပေးလျော်ရန်ကျန်ရှိသည့် မြေကွက်(၅)ကွက်၏ ပိုင်ရှင်များအနေဖြင့် ကာယကံရှင် (သို့မဟုတ်) မိသားစုဝင်များ ကိုယ်တိုင်ပိုင်ဆိုင်မှု အထောက်အထားများနှင့်တကွ ယခုကြော်ငြာသည့်ရက်မှစ၍ **(၃၀-၁၁-၂၀၂၅)**ရက်အတွင်း နောက်ဆုံးထား၍ အမြန်ဆုံးလာရောက် ဆက်သွယ်ကြရန် နောက်ဆုံးအကြိမ် အသိပေးကြေညာအပ်ပါသည်။

| စဉ် | မြေကွက်ရရှိသူအမည် | အကွက်အမှတ်နှင့် ဦးပိုင်အမှတ် |
|---|---|---|
| ၁ | ဦးတင်လင်း | ၂လမ်း-စ(၁) |
| ၂ | ဗိုလ်မှူးသန်းထွန်းအောင် | ၁လမ်း-စ(၆) |
| ၃ | ဗိုလ်ကြီးရန်နိုင်ထွန်း(ဦးကျော်ဆွေ) | ၃လမ်း-ဆ(၅) |
| ၄ | ဗိုလ်ကြီးမျိုးမြင့် | ၂လမ်း-ဆ(၁၄) |
| ၅ | အရာခံဗိုလ်လှဝင်း | ၃လမ်း-ဇ(၁၄) |

**လျော်ကြေးငွေပေးအပ်ရေးကော်မတီ**
**စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၊ မုံရွာမြို့**

**ဆက်သွယ်ရန်လိပ်စာ-** လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)(၃)ရုံး၊ စူးစမ်းလေ့လာရေးဌာနခွဲ (မင်းဒေါင့်စခန်း) ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေး ဦးစီးဌာန၊ မုံရွာမြို့
- ဖုန်း-၀၉-၉၅၇၆၂၇၆၇၂၊ ၀၉-၉၅၀၇၃၇၇၄၃
- ဥက္ကဋ္ဌ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ မုံရွာမြို့

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အိတ်ဖွင့်လေလံခေါ်ယူခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့် ကုန်ရုံဌာနမှ ငလျင်ဒဏ်ကြောင့်ပြိုကျပျက်စီးသွားသည့်ကော်မတီပိုင်အဆောက်အအုံများကို ဖျက်သိမ်းရောင်းချသွားမည် ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသော ကုမ္ပဏီများမှ အောက်ပါလုပ်ငန်းများအား အိတ်ဖွင့်လေလံတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

- (က) **လေလံလျှောက်လွှာ ရောင်းချမည့်ရက်** - (၈-၈-၂၀၂၅)ရက်မှ(၂၁-၈-၂၀၂၅)ရက်ထိ
- (ခ) **လေလံလျှောက်လွှာ ပိတ်မည့်ရက်** - (၂၁-၈-၂၀၂၅) ရက်၊ (၁၆:၃၀)နာရီ
- (ဂ) **လေလံလျှောက်လွှာ နောက်ဆုံးတင်သွင်းရမည့်ရက်** - (၂၁-၈-၂၀၂၅) ရက်
- (ဃ) **လေလံဖွင့်မည့်ရက်** - (၂၅-၈-၂၀၂၅) ရက်၊ (ခန့်မှန်း)
- (င) **လေလံဖွင့်မည့်နေရာ** - အဆောက်အအုံနှင့်ကုန်ရုံဌာန မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီ
- (စ) **လုပ်ငန်းအမည်**
  - (၁) Lot-1 ၃၃-၂ ဝန်ထမ်းအိမ်ရာ RC(၅)ထပ်၊ အဆောင်(A,B,C)
  - (၂) Lot-2 ၃၃-၂ ဝန်ထမ်းအိမ်ရာ RC(၅)ထပ်၊ အဆောင်(E,F,G)
  - (၃) Lot-3 ရဲဝန်ထမ်းအိမ်ရာ RC(၅)ထပ်၊ (ခရေ၊ဂန္ဓမာ၊ငုဝါ)ဆောင်
  - (၄) Lot-4 ဈေးချိုတောင်ဘက်တိုက်တန်း RC(၄)ထပ်
  - (၅) Lot-5 ဈေးချိုမြောက်ဘက်တိုက်တန်း RC(၄)ထပ်
  - (၆) Lot-6 Royal Mingalar Hotel (မြေအောက်ထပ်+ RC(၅)ထပ်)

၂။ လေလံတင်ဖျက်သိမ်းရောင်းချမည့် အဆောက်အအုံများကို(၈-၈-၂၀၂၅)မှ (၂၁-၈-၂၀၂၅)ရက် အထိ လာရောက်ကြည့်ရှုနိုင်ပါသည်။
၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ရုံးချိန်အတွင်း အဆောက်အအုံနှင့် ကုန်ရုံဌာန၊ ဖုန်း-၀၉-၂၀၁၁၅၄၅ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အဆောက်အအုံနှင့်ကုန်ရုံဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကြယ်စင်မြို့တော်အိမ်ရာစီမံကိန်း (Star-City)အတွင်းရှိ ဇုန်(ARA)၊ တိုက်အမှတ်(Y7)၊ အခန်းအမှတ်(105B)၊ Type(Studio)၊ Area(392)Sqft ရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်းတွင် ဆက်စပ်တွယ် ကပ်လျက်ရှိသော အကျိုးခံစားခွင့် အရပ်ရပ်တို့အား တိုက်ခန်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးမောင်ဝဏ္ဏ ၁၂/ဗဟန(နိုင်)၀၁၇၅၀၁ထံမှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာချုပ်စာတမ်းများနှင့်အတူ ယခုကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်၍ ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဝင်းကြိုင်**
**၁၂/ဗဟန(နိုင်)၀၆၈၃၁၄**
**ဖုန်း-၀၉-၇၆၅၄၈၈၃၁၁**

## မှတ်ပုံတင်အမှန်နှင့်အမည်မှန်

ထားဝယ်ခရိုင်၊ သရက်ချောင်းမြို့နယ်၊ ကျောက်မြောင်းရပ်ကွက်နေ ဦးသိန်းဦး၏သမီး ဒေါ်ကေကေလွဲ၏ မှတ်ပုံတင်အမှန်မှာ ၆/သရခ(နိုင်)၁၀၀၉၀၃ ဖြစ်ကြောင်းနှင့် ၎င်း၏သားဖြစ်သူ မောင်ဘုန်းမြတ်ဟိန်၏ အမည်မှန်မှာ မောင်ဘုန်းမြတ်၏ဟိန်း ဖြစ်ပါကြောင်း။

## ပတ်စ်ပို့ပျောက်

ကျွန်မ မချိုလှိုင်သင်း ၁၄/ညတန(နိုင်)၁၉၂၃၈၂၏ နိုင်ငံကူးလက်မှတ် (နံပါတ်မမှတ်မိ)မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၆၈၁၉၅၃၂၆**

## ကန့်ကွက်နိုင်ပါသည်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့၊ တောင်ဖီလာ ရပ်ကွက်၊ ကွင်း/အကွက်အမှတ် (၁၁/တောင်ဖီလာရပ်)၊ ဦးပိုင်အမှတ်(၁၇၈)၊ ဧရိယာ(၀.၁၀၇)ဧကရှိ ဝင်းမြေအား ဒေါ်ကေးလျံတလွဲ(၅/ကလထ(နိုင်)၁၃၃၆၈၉)က ၎င်းအမည်ပေါက် မြေငှားဂရန်အသစ်လျှောက်ထားမည်ဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း မှတ်ပုံတင်စာချုပ်စာတမ်း မူရင်းများစသည့် အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ကေးလျံတလွဲ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နွယ်နွယ်အေး (LL.B) တရားလွှတ်တော်ရှေ့နေ**
**စဉ်-၉၂၁၆/၂၀၁၃**
**အမှတ်(၈/၄၉)၊ အောင်မင်္ဂလာရပ်ကွက်၊ ကလေးမြို့။**
**ဖုန်း- ၀၉-၉၆၂၁၅၁၁၂၅၊ ၀၉-၂၅၉၁၆၉၃၄၄**

## ဖခင်အမည်မှန်

လယ်ဝေးမြို့နယ်၊ အထက(ခွဲ)မင်းပြင် Grade-10 မှ မောင်ဇင်ဖြိုးခန့်၏ ဖခင်အမည်မှန်မှာ ဦးဇေယျာထွန်း ၉/လဝန(နိုင်)၂၉၄၆၇၄ ဖြစ်ပါကြောင်း။

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း ကြေညာခြင်း

သီပေါမြို့နယ်၊ ကုံးမုံကျေးရွာ၊ ကွန်ခိုက်အုပ်စုနေ မောင်ကျင်းယွီး (ဘ) ဦးရင်းဟိုက် ၁၃/သပန(နိုင်) ၁၄၀၆၅၄၏ ပတ်စ်ပို့နံပတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၇၉၈၇၅၇၁၄**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းခရိုင်၊ ပေါင်းတည်မြို့နယ်၊ အလိမ္မာပညာကိုယ်ပိုင်အထက်တန်းကျောင်း Grade-7(A2)တွင် ပညာသင်ကြားနေသော မောင်နန္ဒရဲရင့်အောင်၏ ဖခင်အမည်မှန်မှာ ဦးကျော်မင်းသူရ ၇/ပတတ(နိုင်)၁၀၈၈၆၂ ဖြစ်ပါကြောင်း။

## အမည်ပြောင်း

ဦးသိန်းမင်းထိုက် ၉/မလန (နိုင်) ၀၉၃၅၃၅၏သား နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ WISDOM HILL ကိုယ်ပိုင်အထက်တန်းကျောင်း G-4(Krypton)မှ မောင်ဟိန်းထက်နိုင်အား မောင်သုတနိုင်ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်သုတနိုင်**

## အမည်ပြောင်း

ဦးထိုက်ဌေး၏ သမီး မြိတ်မြို့၊ ကန်စွန်းအင်း ကိုယ်ပိုင်အထက်တန်းကျောင်း Grade-3(D)မှ မရွှန်းလဲ့ဝင်းအား မခင်သီရိသူဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မခင်သီရိသူ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ကြယ်စင်အိမ်ရာ၊ City Loft၊ CL-11(Unit No-110)၊ အကျယ်အဝန်း (၄၈၄ စတုရန်းပေ)အကျယ်ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို လက်ဝယ်ရှိ၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဦးကျော်ကျော်လေး ၁၂/သကတ(နိုင်) ၁၆၂၈၃၃ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သင်းစန္ဒာလွင် ၁၂/မဂဒ(နိုင်) ၁၅၀၀၄၇က ပြန်လည်ဝယ်ယူရန်အတွက် ၎င်းအားစရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့် ကွက် လိုသူများရှိပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှု စာရွက်စာတမ်း မူရင်းများနှင့်တကွ ယနေ့မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်ကာ အရောင်းအဝယ်ပြုသည့်ပစ္စည်းကို လက်ရောက်ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးဇာနည်(LL.B,D.B.L,D.I.P.L)** | **ဒေါ်ခင်သီတာမြင့်အောင်(LL.B,D.B.L)** |
| **(စဉ်-၁၄၆၆၈)** | **(စဉ်-၅၂၀၆၄)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ်(၁၂၈)၊ ကျိုက်ခေါက်ဘုရားလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့၊ ဖုန်း-၀၉-၄၂၀၃၀၀၂၆၂**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ ဗိုလ်အေးချိုလမ်း၊ ကွင်း/အကွက်အမှတ် (၂၅၊ ဗိုလ်ချုပ်ရေနံစက်ကွက်)၊ ဦးပိုင်အမှတ်(၂၃/က)၊ ဧရိယာ(၃.၀၅၆)ဧက၊ ကိုဘိုထိုက် အမည်ပေါက် မြေကွက်အနက် ဧရိယာ (၀.၀၆၀)ဧက အကျယ်ရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးကို ဖခင် ဦးခင်မောင်ဝင်းနှင့် မိခင် ဒေါ်စုစုမြိုင် (ခ) ဒေါ်မေစိန်တို့ ကွယ်လွန်ပြီးနောက်တွင် ၎င်းတို့၏ သားသမီးရင်းခြာဖြစ်သော ဦးအောင်ကျော်ဇော (၅/ရဘန(နိုင်)၀၀၀၈၄၈)က မိဘများကျန်ရစ်သည့်အမွေကို အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာ စာချုပ်ချုပ်ဆိုမှတ်ပုံတင်ခြင်း၊ မြေပုံမြေရာဇဝင်ရေးကူးခြင်း၊ ရောင်းချခြင်း၊ စွန့်လွှတ်ခြင်းစသည့် တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းတို့ ပြုလုပ်ရန်ရှိသဖြင့် အခြားအမွေဆက်ခံ ပိုင်ဆိုင်ခွင့်ရှိသူ (သို့မဟုတ်) အကျိုးတစ်စုံတစ်ရာသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ သက်ဆိုင်သည့် စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ယနေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အဆိုပါကိစ္စများကို ပြီးဆုံးအောင် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးဇာနည် ( LL.B,D.B.L,D.I.P.L) (စဉ် - ၁၄၆၆၈)**
**ဒေါ်အိအိမော် (ခ) အိသဉ္ဇာအောင် ( LL.B,D.I.P.L ) (စဉ် - ၁၈၇၂၆)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၁၂၈)၊ ကျိုက်ခေါက်ဘုရားလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့၊**
**ဖုန်း - ၀၉-၄၂၀၃၀၀၂၆၂**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၃)၊ မြေကွက်အမှတ်(၂၉၂)၊ ဗိုလ်တေဇလမ်း၊ အကျယ်အဝန်း(၄၀ပေX၆၀ပေ)ရှိ ဒေါ်ခင်ချိုမြင့် အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်အနက်မှ အကျယ်အဝန်း (၂၀ပေX၆၀ပေ)ရှိ (မြေကွက်အမှတ်(၂၉၃)နှင့် ကပ်လျက်ခြမ်း)၊ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူခဲ့ပြီး လက်ရှိပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းလာသူ ဒေါ်ခင်လှမြိုင် ၁၂/သဃက(နိုင်)၀၁၆၆၀၉ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီး ဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်မာသော စာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးနန္ဒာ တရားလွှတ်တော်ရှေ့နေ(စဉ်-၈၂၃၈)**
**အမှတ် ၁၂၊ ဒုတိယထပ်(ဝဲဘက်)၊ မဂ္ဂင်လမ်း၊ ကျားကွက်သစ်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၇၉၅၆၈၃၃၇၈၊ ၀၉-၂၅၄၆၁၇၂၂၁**

## ဖခင်အမည်မှန်

မြိတ်မြို့၊ ကန်စွန်းအင်းကိုယ်ပိုင် အထက်တန်းကျောင်း Grade-11 (ဝ) မှ မောင်မင်းဆက်အောင်၏ ဖခင်အမည်မှန်မှာ မှတ်ပုံတင်နှင့် အိမ်ထောင်စု စာရင်းအရ ဦးမြင့်နိုင် ၆/ကစန(နိုင်)၀၅၆၁၇၀ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မြိတ်မြို့၊ ကန်စွန်းအင်း ကိုယ်ပိုင် အထက်တန်းကျောင်း Grade-12(F) မှ မောင်ဟိန်းထက်စိုး၏ ဖခင်အမည်မှန်မှာ မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်းအရ ဦးမင်းစိုး ၆/မမန(နိုင်) ၁၁၇၈၀၆ ဖြစ်ပါကြောင်း။

**ဦးမင်းစိုး**

## ပတ်စ်ပို့ပျောက်

မြိတ်မြို့၊ ထားဝယ်စုရပ်၊ ကုန်သည်လမ်းနေ ဦးအောင်လွင်၏သမီး မအေးအေးသွင် ၆/မမန(နိုင်)၁၃၁၁၆၂၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ဆက်သွယ်အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၈၄၇၆၆၃၃၀**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

